# ၂၀၂၀ ရွေးကောက်ပွဲဝင်
# အမျိုးသမီး
# ကိုယ်စားလှယ်များ၏ အသံ



## ကျေးဇူးတင်လွှာ

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) အနေဖြင့် ယခုစာတမ်းလေ့လာမှုတွင် ပါဝင်၍ ရွေးကောက်ပွဲဆိုင်ရာ အတွေ့အကြုံများနှင့် အကြံပြုချက်များကို မျှဝေခဲ့သော နိုင်ငံရေးပါတီ၊ အရပ်ဖက်အဖွဲ့အစည်းနှင့် တသီးပုဂ္ဂလ အမျိုးသမီးကိုယ်စားလှယ်လောင်းများကို ကျေးဇူးအထူး တင်ရှိပါသည်။

## စာတမ်း၏ရည်ရွယ်ချက်

ယခုစာတမ်း၏ ရည်ရွယ်ချက်မှာ အမျိုးသမီးကိုယ်စားလှယ်များအား ကူညီပံ့ပိုးရန် အမှန်တကယ် အလုပ်ဖြစ် အကျိုးရှိမည့် ရေတိုရေရှည် ဗျူဟာ၊ နည်းဗျူဟာများ ချမှတ်အကောင်အထည်ဖော် ရန်ဖြစ်သည်။ ယခုစီမံကိန်းကို ရည်ရွယ်ချက် (၄) ခု ဖြင့် အကောင်အထည်ဖော်ခဲ့ပြီး ၎င်းတို့မှာ - (၁) ၂၀၂၀ ရွေးကောက်ပွဲတွင် ပါဝင် ယှဉ်ပြိုင်သည့် အမျိုးသမီးကိုယ်စားလှယ်လောင်းများ၏ ဖြတ်သန်းမှု အတွေ့အကြုံများအပေါ် ဆန်းစစ်အခြေခံ၍ လာမည့်ရွေးကောက်ပွဲများတွင် အမျိုးသမီးကိုယ်စားလှယ်လောင်းများအတွက် ထိရောက်စွာ ကူညီပံ့ပိုးနိုင်မည့် လုပ်ငန်း အစီအစဉ်များ၊ နည်းဗျူဟာများဖော်ထုတ်ရန်၊ (၂) အရပ်ဘက် အမျိုးသမီးအဖွဲ့အစည်းများနှင့် နိုင်ငံရေးပါတီများ ဆက်လက်ပူးပေါင်းလုပ်ဆောင်နိုင်မည့် နည်းဗျူဟာများ ဖော်ထုတ်ရန်၊ (၃) အမျိုးသမီးများ၏ နိုင်ငံရေးလှုပ်ရှားမှုများနှင့် ခေါင်းဆောင်မှုအခန်းကဏ္ဍ တိုးမြှင့်ရန်အတွက် အနည်းဆုံး အမျိုးသမီးပါဝင်မှု ၃၀% ကိုတာစနစ်အား နိုင်ငံရေးပါတီများနှင့် အခြားသော နိုင်ငံရေးယန္တရား မူဝါဒများတွင် ထည့်သွင်းခြင်း၏ အကျိုးသက်ရောက်မှုများကို ဆန်းစစ်ရန်၊ (၄) အနည်းဆုံး အမျိုးသမီးပါဝင်မှု ၃၀% ကိုတာစနစ် အသုံးပြုရေးအတွက် နိုင်ငံရေးပါတီများ အား စည်းရုံးလှုံ့ဆော်မည့် နည်းဗျူဟာများ ဖော်ထုတ်ရန်တို့ ပါဝင်သည်။

## ဆွေးနွေးမှုနယ်ပယ်

ယခုစာတမ်းတွင် အမျိုးသမီးကိုယ်စားလှယ်လောင်းများနှင့် ၎င်းတို့၏ ရွေးကောက်ခံနိုင်ခွင့် အလားအလာများအပေါ် သက်ဆိုင်ရာ နိုင်ငံရေးပါတီများ၏ လွှမ်းမိုးသက်ရောက်မှု၊ ရွေးကောက်ပွဲ ဆိုင်ရာ အဖွဲ့အစည်းနှင့် စည်းမျဉ်းမူဘောင်များ၏ လွှမ်းမိုးသက်ရောက်မှုနှင့် အမျိုးသမီးအဖွဲ့ အစည်းများ၏ ကူညီပံ့ပိုးပေးနိုင်မှုတို့ကို အဓိကလေ့လာထားသည်။ အဆိုပါ အစုအဖွဲ့ (၃) ခု၏ လွှမ်းမိုးသက်ရောက်မှုကို လေ့လာရာတွင် အမျိုးသမီးကိုယ်စားလှယ်လောင်းများ၏ ရွေးကောက်ပွဲ ကာလ မဲဆွယ်စည်းရုံးခြင်း၊ မဲဆန္ဒနယ် ရွေးချယ်ခြင်း၊ ရွေးကောက်ပွဲ အလွန်ကာလ လိုအပ်သည့် ပြုပြင်ပြောင်းလဲမှုများနှင့် ပံ့ပိုးပေးနိုင်မည့် လိုအပ်ချက်များဟူ၍ အပိုင်း သုံးပိုင်းဖြင့် ဖော်ပြ ထားသည်။ ၂၀၂၀ ရွေးကောက်ပွဲသည် ကိုဗစ် ၁၉ ရောဂါကူးစက်မှု ဖြစ်ပွားနေသည့် အချိန် အခါနှင့် တိုက်ဆိုင်နေသည့်အလျောက် အမျိုးသမီးကိုယ်စားလှယ်လောင်းများ၏ ရွေးကောက်ပွဲ ယှဉ်ပြိုင်မှုပေါ် ကိုဗစ်၏ သွယ်ဝိုက် လွှမ်းမိုးသက်ရောက်မှုကိုလည်း ဆွေးနွေးထားသည်။

## ကြိုတင်ဝန်ခံချက်

ယခုစာတမ်းအား ၂၀၂၀ ခုနှစ် နိုဝင်ဘာလ မှ ၂၀၂၁ ခုနှစ် ဇန်နဝါရီလအတွင်း ပြုစုခဲ့ပြီး စာတမ်းပါ အကြောင်းအရာ၊ ဆွေးနွေးချက်များနှင့် အကြံပြုချက်များသည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ ဗမာ့တပ်မတော်မှ အာဏာသိမ်းခြင်းမတိုင်မီ ရှိခဲ့သော အခင်းအကျင်းနှင့် နိုင်ငံရေး အဆောက်အအုံများကိုသာ ထင်ဟပ်ကြောင်း ဖော်ပြလိုပါသည်။ သို့သော် တွေ့ရှိချက်များသည် အမျိုးသမီးများ၏ နိုင်ငံရေးဦးဆောင်မှု မြှင့်တင်ရန်နှင့် နိုင်ငံအတွင်း ဒီမိုကရေစီအခင်းအကျင်း အဆောက်အအုံများကို တည်ဆောက်သည့် မည်သည့်အချိန်အခါတွင်မဆို အသုံးဝင် အကျိုးရှိ မည်ဟု ယုံကြည်ပါသည်။

# မာတိကာ

## အပိုင်း ၁။ ၂၀၂၀ ရွေးကောက်ပွဲဝင် အမျိုးသမီး ကိုယ်စားလှယ်များ၏ အသံ


၁ နိဒါန်း

၃ သုတေသန နည်းနာ

၅ အမျိုးသမီးကိုယ်စားလှယ်များနှင့် မဲဆန္ဒနယ် ရွေးချယ်ခြင်း

၉ အမျိုးသမီးကိုယ်စားလှယ်များနှင့် မဲဆွယ်စည်းရုံးခြင်း

၁၃ အမျိုးသမီးကိုယ်စားလှယ်များနှင့် ရွေးကောက်ပွဲ စီမံခန့်ခွဲမှုများ

၁၅ အမျိုးသမီးကိုယ်စားလှယ်များနှင့် အမျိုးသမီးအဖွဲ့အစည်းများ

၁၇ အမျိုးသမီးကိုယ်စားလှယ်များနှင့် အမျိုးသမီးအဖွဲ့အစည်းများ

၁၉ အကြံပြုချက်များ

၁၉ ၁။ ရွေးကောက်ပွဲဆိုင်ရာ အဖွဲ့အစည်းများနှင့် အဖွဲ့အစည်းမှူဘောင်များ

၂၁ ၂။ နိုင်ငံရေးပါတီများ

၂၂ ၃။ အမျိုးသမီးကိုယ်စားလှယ်လောင်းများကို ပံ့ပိုးနိုင်မည့် အစီအစဉ် ဗျူဟာများ

၂၆ နောက်ဆက်တွဲ (က) အမျိုးသမီးကိုယ်စားလှယ်များ ကိုယ်စားပြုသော ပါတီများ

၂၇ နောက်ဆက်တွဲ (ခ) ပါတီကိုယ်စားလှယ်များ ကိုယ်စားပြုသော ပါတီများ


## အပိုင်း ၂။ ၂၀၂၀ စစ်အာဏာသိမ်းမှုနှင့် ပတ်သက်၍ ၂၀၂၀ ရွေးကောက်ပွဲဝင် အမျိုးသမီးကိုယ်စားလှယ်များ၏ အသံ


၃၃ နိဒါန်း

၃၄ တွေ့ရှိချက်များ

၄၃ နိဂုံး

Women's League of Burma

# အမျိုးသမီးများ အဖွဲ့ချုပ် (မြန်မာနိုင်ငံ)

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) သည် မြန်မာနိုင်ငံရှိ သမိုင်းကြောင်းနောက်ခံကွဲပြားသည့် တိုင်းရင်းသူအမျိုးသမီးအဖွဲ့အစည်းပေါင်း (၁၃) ဖွဲ့ဖြင့် စုပေါင်းဖွဲ့စည်းထားသော ပထမဦးဆုံးအဖွဲ့ချုပ် ဖြစ်သည်။ ၁၉၉၉ ခုနှစ် ဒီဇင်ဘာ ၉ ရက်နေ့တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) သည် အမျိုးသမီးများ၏ ဘဝအဆင့်အတန်း တိုးတက်မြင့်မားစေရေးနှင့် လုပ်ကိုင်နိုင်မှု စွမ်းရည်ပြည့်ဝစေရေးအတွက် သာမက စွမ်းရည်မြင့်တင်ခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်း၊ သုတေသနပြုခြင်းနှင့် မှတ်တမ်း တင်ခြင်းများမှတစ်ဆင့် ဒီမိုကရေစီလှုပ်ရှားမှု၊ ငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေးအပါအဝင် လူ့အဖွဲ့အစည်း နယ်ပယ်အားလုံးတွင် အမျိုးသမီးများ ပိုမိုပါဝင်လုပ်ဆောင်လာမှုရှိစေရန် လှုပ်ရှားဆောင်ရွက်နေသော အဖွဲ့အစည်းဖြစ်သည်။

## ရည်ရွယ်ချက်များ

- အမျိုးသမီးများ၏ လုပ်ကိုင်နိုင်မှုစွမ်းရည်နှင့် ဘဝအဆင့်အတန်းမြင့်မားလာစေရေး
- အမျိုးသမီးများ၏ အခွင့်အရေးနှင့် ကျား၊မတန်းတူညီမျှမှုရှိရေး
- အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံခြင်းနှင့် အကြမ်းဖက်ခြင်းပုံစံအားလုံး ပပျောက်ရေး
- လူမှုနယ်ပယ်အသီးသီးရှိ ဆုံးဖြတ်ချက်ချသည့် အဆင့်တိုင်းတွင် အမျိုးသမီးများပါဝင်မှုပိုမို အားကောင်းလာရေး။
- ငြိမ်းချမ်းရေး၊ ဒီမိုကရေစီနှင့် ပြန်လည်သင့်မြတ်ရေး လှုပ်ရှားမှုများတွင် ထိရောက်စွာ ပူးပေါင်းပါဝင်ရန် လုပ်ဆောင်ရေး။

# အပိုင်း ၁

## ၂၀၂၀ ရွေးကောက်ပွဲဝင် အမျိုးသမီး ကိုယ်စားလှယ်များ၏ အသံ



# နိဒါန်း

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအောက်တွင် ကျင်းပခဲ့သည့် တတိယအကြိမ်မြောက် ၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် အမျိုးသမီးများ၏ ရွေးကောက်ခံနိုင်ခွင့်အပေါ် ဆုံးဖြတ်ကန့်သတ်နိုင်သည့် အခြေအနေအချို့ ရှိခဲ့သည်။ မြန်မာနိုင်ငံတွင် ဆယ်စုနှစ်မျှ ဒီမိုကရေစီအဆောက်အအုံများ တည်ဆောက် ကျင့်သုံးပြီးနောက်တွင် လူငယ်နှင့် အမျိုးသမီးများသည် ရွေးကောက်ခံကိုယ်စားပြုမှု အပေါ် စိတ်ဝင်စားမှုများ ရှိလာခဲ့သည်။ ယခင်ရွေးကောက်ပွဲများနှင့် နှိုင်းယှဉ်ပါက ၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် လူမျိုး၊ ဘာသာ၊ အသက်အရွယ်၊ ပညာအရည်အချင်း၊ အလုပ်အကိုင်နှင့် နိုင်ငံရေး အယူအဆကွဲပြားခြားနားသော အလွှာအသီးသီးမှ အမျိုးသမီးများစွာ ယှဉ်ပြိုင်ခဲ့ကြသည်။ ဥပဒေပညာရှင်များ၊ သတင်းထောက်များ၊ ဆရာဝန်များ၊ ဆရာမများ၊ လူ့အခွင့်အရေးအတွက် တိုက်ပွဲဝင်သူများ၊ စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်ခဲ့သည့်အပြင် အစိုးရမဟုတ်သော အဖွဲ့အစည်းများတွင် လုပ်ကိုင်ဆောင်ရွက်နေသည့် အမျိုးသမီးများလည်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ၎င်းတို့အနက် အများစုမှာ အမျိုးသမီးများကို ကိုယ်စားပြုရန်၊ အမျိုးသမီးများ နိုင်ငံရေးတွင် ပါဝင်လာစေရန် ရည်ရွယ်ချက်ဖြင့် ယှဉ်ပြိုင်ခဲ့ခြင်း ဖြစ်သည်။ ပါတီကိုယ်စားပြု၍သော်လည်းကောင်း၊ တစ်သီးပုဂ္ဂလကိုယ်စားလှယ်အနေဖြင့်သော်လည်းကောင်း ယှဉ်ပြိုင်ရန် ရွေးကောက်ပွဲကော်မရှင်တွင် အမည်စာရင်းတင်သွင်းခဲ့သည့် ဦးရေမှာ (၁၁၀၉) ဦး ရှိခဲ့ပြီး ၂၀၁၅ ရွေးကောက်ပွဲနှင့် နှိုင်းယှဉ်လျှင် ၄% မျှ တိုးတက်မှုရှိခဲ့သည်။

သို့သော် (၉၀၇) ဦးသာ အမှန်တကယ် ရွေးကောက်ပွဲဝင်ဖြစ်ခဲ့ပြီး ၎င်းမှ (၁၉၁) ဦးသာ ရွေးကောက်ခံခဲ့ရသည်။ အမျိုးသားလွှတ်တော်တွင် (၂၃) ဦး၊ ပြည်သူ့လွှတ်တော်တွင် (၅၂) ဦး၊ ပြည်နယ်နှင့် တိုင်းဒေသကြီးလွှတ်တော်တွင် (၁၁၆)ဦး အသီးသီး ရွေးကောက်ခံခဲ့ရသည်။ ရလဒ်အနေဖြင့် ဥပဒေပြု ပြည်ထောင်စုလွှတ်တော်တွင် အမျိုးသမီး ကိုယ်စားလှယ် ပါဝင်မှုနှုန်းမှာ (၇၅) ဦး (၁၅ ရာခိုင်နှုန်း)သာရှိပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရန် ဥပဒေကြမ်းတင်သွင်းရန် အနည်းဆုံး လိုအပ်သည့် (၂၀) ရာခိုင်နှုန်းမျှ မပြည့်မီခဲ့ပေ။ ရွေးကောက်ပွဲကာလတွင် အမျိုးသမီးများအနေဖြင့် စိန်ခေါ်မှုများစွာ ကြုံတွေ့ခဲ့ရပြီး အဓိကအကြောင်းရင်းများမှာ ဖွဲ့စည်းပုံအခြေခံဥပဒေအား အခြေခံသည့် ရွေးကောက်ပွဲစနစ်၊ ဥပဒေ၊ နည်းဥပဒေအကန့်အသတ်များ၊ ရွေးကောက်ပွဲကော်မရှင်၏ စီမံခန့်ခွဲမှုများ၊ ရွေးကောက်ပွဲကာလနှင့် ကိုဗစ်ရောဂါဖြစ်ပွားမှုနှင့် တိုက်ဆိုင်နေခြင်း၊ ပါတီနိုင်ငံရေးနှင့် ပြင်းထန်သည့် ပါတီကြား အားပြိုင်မှုများကြောင့်ဖြစ်သည်။

ရွေးကောက်ပွဲအခင်းအကျင်းသည် ယှဉ်ပြိုင်ဘက်များပြီး ပြိုင်ဆိုင်မှုပြင်းထန်သည်။ နိုင်ငံရေးပါတီ ၉၁ ပါတီမှ ကိုယ်စားလှယ်ပေါင်း (၅၃၅၉) ဦးနှင့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်ပေါင်း (၂၈၀) ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ မဲဆန္ဒနယ်တစ်ခုတွင် ယှဉ်ပြိုင်ဘက် အနည်းဆုံး (၇) ဦးမှ အများဆုံး (၁၅) ဦးအထိရှိပြီး ယှဉ်ပြိုင်ဘက်မရှိသည့် မဲဆန္ဒနယ်ဟူ၍ မရှိပေ။ ရွေးကောက်ပွဲမတိုင်မီတွင် တပ်မတော်သား ၂၅ ရာခိုင်နှုန်းပါဝင်နေပြီးသားလွှတ်တော်တွင် ညွန့်ပေါင်းအစိုးရ ဖွဲ့စည်းရေး ပြောဆိုချက်များ ကျယ်လောင်လာပြီးနောက် အစိုးရပါတီအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် လွှတ်တော်တွင် အများစုဆက်လက် အနိုင်ရရှိရေး၊ အစိုးရသက်တမ်းသစ်ဖွဲ့နိုင်ရေး ကြိုးပမ်းခဲ့သကဲ့သို့ အတိုက်အခံပါတီအသီးသီးမှလည်း လွှတ်တော်တွင် ကိုယ်စားပြုမှု ထပ်တိုးရရှိရန် အကြိတ်အနယ် ပြင်ဆင်ခဲ့ကြသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရန် ကြိုးပမ်းမှုတွင် သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဝန်ကြီးချုပ်များအား သမ္မတမှ မခန့်အပ်ဘဲ သက်ဆိုင်ရာလွှတ်တော်မှ ခန့်အပ်ရန်ကြိုးပမ်းမှု မအောင်မြင်ခဲ့သည့်နောက်တွင် ပြည်နယ်အခြေစိုက်ပါတီများသည် ပြည်နယ်အတွင်းလွှတ်တော် နေရာအများဆုံး ရရှိရန်ကြိုးပမ်းခဲ့ကြသည်။ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်နှင့် ဝ အားကိုယ်စားပြုသော တိုင်းရင်းသားပါတီအချို့ ပေါင်းစည်းခဲ့ကြသည်။ တိုင်းဒေသ ကြီးများတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီတို့အကြား ယှဉ်ပြိုင်မှု ပြင်းထန်ခဲ့သကဲ့သို့ ပြည်နယ်များတွင် ထိုပါတီကြီး နှစ်ခုနှင့် တိုင်းရင်းသား ပါတီများအကြား ယှဉ်ပြိုင်မှု ပြင်းထန်ခဲ့သည်။



ထို့အပြင် အတိုက်အခံ နိုင်ငံရေးပါတီများနှင့် ရွေးကောက်ပွဲကော်မရှင်တို့ အကြားတွင်လည်း တင်းမာမှုများ ရှိခဲ့သည်။ ယခင်ရွေးကောက်ပွဲများနှင့် နှိုင်းယှဉ်လျှင် ပါတီများနှင့် ရွေးကောက်ပွဲကော်မရှင်တို့ အကြား ရွေးကောက်ပွဲဆိုင်ရာ ညှိနှိုင်းဆွေးနွေးမှုများ နည်းပါးသည့်အပြင် ပူးပေါင်းဆောင်ရွက်မှုများလည်း အားနည်းခဲ့သည်။ ဥပမာ - နိုင်ငံရေးပါတီများ ကျင့်ဝတ်ပါ အချက်တချို့အပေါ် သဘောတူညီမှု မရသဖြင့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ဦးဆောင်သော အတိုက်ခံပါတီ (၂၆) ပါတီသည် နိုင်ငံရေးပါတီများ လိုက်နာရမည့် ကျင့်ဝတ်အား လက်မှတ်မထိုးဘဲ ဆန္ဒပြခဲ့သည်။ ထို့နောက်တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ဦးဆောင်သော နိုင်ငံရေးပါတီ (၃၄) ပါတီသည် ကာကွယ်ရေးဦးစီးချုပ်နှင့် သွားရောက်တွေ့ဆုံခဲ့ပြီး ရွေးကောက်ပွဲတွင် မသမာမှုများရှိပါက အရေးယူဆောင်ရွက်ရန် တိုက်တွန်းမှုများ ရှိခဲ့သည်။ တချိန်တည်းတွင် မတ်လအစမှ စတင်ကူးစက်ဖြစ်ပွားခဲ့သော ကိုဗစ်ကူးစက်မှုရောဂါသည် မဲဆွယ်စည်းရုံးသည့် ကာလဖြစ်သော စက်တင်ဘာလ မတိုင်မီတွင် ကူးစက်မှု မြင့်တက်လာခဲ့ပြီး မြို့နယ်ပေါင်း (၇၄) မြို့နယ်တွင် ပြည်သူများ အိမ်ထဲတွင်သာ နေထိုင်ရန် ညွှန်ကြားချက်များဖြင့် ကူးသန်းသွားလာမှု ပိတ်ဆို့ခဲ့သည်။[1] ထိုဖြစ်စဉ်ကြောင့် ပါတီများအကြား ရွေးကောက်ပွဲ နောက်ဆုတ်သင့်၊ မသင့် သဘောထားကွဲလွဲမှု အချို့လည်း ရှိခဲ့သည်။[2] ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီနှင့် အတိုက်ခံပါတီအချို့သည် ရွေးကောက်ပွဲအား ရွှေ့ဆိုင်းရန် လိုလားခဲ့သော်လည်း (အနိုင်ရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ခန့်အပ်ထားသော) ရွေးကောက်ပွဲကော်မရှင်မှ ရွှေ့ဆိုင်းရန် ငြင်းပယ်ခဲ့ပြီး မူလစီစဉ်ထားသည့် အတိုင်း ဆက်လက်ဆောင်ရွက်ခဲ့သည်။

၂၀၂၀ ရွေးကောက်ပွဲအား ကိုဗစ်ကာလ စိန်ခေါ်မှုများကြားမှ အောင်မြင်စွာ ကျင်းပနိုင်ခဲ့သော်လည်း ယခင်ရွေးကောက်ပွဲများနှင့် နှိုင်းယှဉ်လျှင် ရွေးကောက်ပွဲအကြမ်းဖက်မှု၊ ကိုဗစ်စည်းမျဉ်းများအပေါ် အငြင်းပွားမှုနှင့် ဖောက်ဖျက်မှုများ၊ အွန်လိုင်းနှင့် မြေပြင်ပေါ်တွင် သတင်းအမှားများနှင့် အမုန်းစကားများ များစွာ ဖြစ်ပေါ်ခဲ့သည်ဟု ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများက တင်ပြခဲ့သည်။[3] အမျိုးသမီးကိုယ်စားလှယ်လောင်းများသည် ထိုနိုင်ငံရေး အခင်းအကျင်းအောက်တွင် ယှဉ်ပြိုင်ရသဖြင့် မဲဆွယ်ရန်ပုံငွေ ကြပ်တည်းမှု အပါအဝင်၊ မမျှတမှုများ၊ ထိုးနှက်မှုများ ကြုံတွေ့ခဲ့ရသည်။ တိုးတက်မှုအနေဖြင့် သတင်းမီဒီယာများမှ အမျိုးသမီးကိုယ်စားလှယ်လောင်းများနှင့် မိတ်ဆက်ပေးသည့် အစီအစဉ်များ၊ အင်တာဗျူးများ လုပ်ဆောင်ခဲ့သဖြင့် ၂၀၁၅ ရွေးကောက်ပွဲနှင့် နှိုင်းယှဉ်လျှင် အချို့အမျိုးသမီးကိုယ်စားလှယ်လောင်းများမှာ ထင်ပေါ်ကျော်ဇောမှု ရှိခဲ့သည်။ ကိုဗစ်ကာကွယ်ရေး ထိန်းချုပ်မှုများကြောင့် မြေပြင်တွင် မဲဆန္ဒရှင်ပညာပေးရေးများ အားနည်းခဲ့သော်လည်း အမျိုးသမီးအဖွဲ့အစည်းများ၏ အွန်လိုင်းမှ ပညာပေးစည်းရုံးလှုံ့ဆော်မှုများမှာ အတန်အသင့် ထိရောက်မှု ရှိခဲ့သည်။ စိတ်ပိုင်းဆိုင်ရာ ကူညီပံ့ပိုးမှုများနှင့် လိုအပ်သည့် မဲဆွယ်ပစ္စည်းများ ပံ့ပိုးပေးမှုတို့ကြောင့် အမျိုးသမီးကိုယ်စားလှယ် အချို့အတွက် အထောက်အကူများစွာ ဖြစ်စေခဲ့သည်။

သို့သော် အမျိုးသမီးကိုယ်စားလှယ်အများစုမှာ အဆိုပါနိုင်ငံရေးအခင်းအကျင်း နောက်ခံကားချပ် အာဏာယှဉ်ပြိုင်မှုကြားတွင် တန်းတူရည်တူ ယှဉ်ပြိုင်ခွင့်မရဘဲ သက်ဆိုင်ရာပါတီ၏ လွှမ်းမိုးမှု၊ ရွေးကောက်ပွဲအဆောက်အအုံ (ကော်မရှင်၊ ဥပဒေ၊ နည်းဥပဒေ၊ မဲပေးသည့်စနစ်၊ စီမံခန့်ခွဲမှု)၏ လွှမ်းမိုးသက်ရောက်မှု၊ လူ့အဖွဲ့အစည်းတွင် ကျန်ရှိနေသေးသော ခွဲခြားဆက်ဆံမှုများကြောင့် အမျိုးသားပြိုင်ဘက်များအား အကျောပေးယှဉ်ပြိုင်ရသကဲ့သို့ ဖြစ်ခဲ့သည်။ နောက်ဆက်တွဲ အခန်းများတွင် အမျိုးသမီးကိုယ်စားလှယ်များ၏ မဲဆန္ဒနယ်ရွေးချယ်ခြင်း၊ မဲဆွယ်စည်းရုံးခြင်း၊ ရွေးကောက်ခြင်းတို့အပေါ် ပါတီနှင့်ရွေးကောက်ပွဲအဆောက်အအုံတို့၏ လွှမ်းမိုးသက်ရောက်မှုများ၊ လူမှုအသိုင်းအဝိုင်းကြား ကျန်ရှိနေသေးသော ခွဲခြားဆက်ဆံမှုများကို ဆက်လက်ဆွေးနွေးတင်ပြထားသည်။ ယခုစာတမ်း၏ နောက်ဆုံးပိုင်းတွင် အမျိုးသမီးများ၏ နိုင်ငံရေးဦးဆောင်မှုနှင့် ကိုယ်စားပြုမှု တိုးတက်ရန် ပြုပြင်ပြောင်းလဲရမည့် ကဏ္ဍများ၊ အဖွဲ့အစည်းများ၊ ပါတီများနှင့် လက်တွဲလုပ်ဆောင်နိုင်မည့် ကဏ္ဍများနှင့် အမျိုးသမီးအဖွဲ့အစည်းများ ပံ့ပိုးနိုင်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြထားပါသည်။

---

1 ရန်ကုန်တိုင်းတွင် ကိုးကိုးကျွန်းမှ လွဲ၍ ကျန်သည့် ၄၄ မြို့နယ်တွင် အိမ်တွင်းသာနေထိုင်ရန် ညွှန်ကြားချက်ထုတ်ပြန်ခဲ့သည်။

2 ဒီမိုကရေစီတန်ဖိုး၊ လူသားဆန်ခြင်းနှင့် ရွေးကောက်ပွဲ ရွှေ့ မရွှေ့ ဝိရောဓိ နိုင်ငံရေးပါတီများ၏ အမြင်စုစည်း သုံးသပ်ချက်များ၊ ပညာအလင်းပွင့်မြန်မာသုတေသန။

3 ကာတာစင်တာ ဒုတိယမြောက် ကြားဖြတ်အစီရင်ခံစာ။


# သုတေသန နည်းနာ

လာမည့် ရွေးကောက်ပွဲများတွင် အမျိုးသမီးကိုယ်စားလှယ်လောင်းများအတွက် ထိရောက်စွာ ကူညီပံ့ပိုး ပေး နိုင်မည့် ရေတို၊ ရေရှည် စီမံကိန်းများ ဖော်ထုတ်ရန် ၂၀၂၀ အထွေထွေ ရွေးကောက်ပွဲတွင် ဝင်ရောက် ယှဉ်ပြိုင်ခဲ့သည့် အမျိုးသမီးကိုယ်စားလှယ်လောင်းအချို့ကို ရွေးချယ်မေးမြန်းခဲ့ပါသည်။ ယခုစာတမ်းတွင် ရွေးကောက်ပွဲဝင် အမျိုးသမီးကိုယ်စားလှယ်၊ အမျိုးသမီးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်နှင့် ပါတီ ကိုယ်စားလှယ်များ ပါဝင်ခဲ့ပြီး တွေ့ဆုံမေးမြန်းမှု စုစုပေါင်း (၅၈) ခု ပြုလုပ်ခဲ့ပါသည်။ ဖြေဆိုသူ အမျိုးသမီး ကိုယ်စားပြု (၅၈) ဦး အားရွေးချယ်ရာတွင် အလွှာအမျိုးစား (၅)မျိုးခွဲ၍ ရွေးချယ်ခဲ့ပါသည်။ ၎င်းတို့မှာ နိုင်ငံရေးပါတီ ကိုယ်စားပြုသူ၊ တစ်သီးပုဂ္ဂလ ကိုယ်စားပြုသူ၊ လူမျိုးစုနှင့်ဘာသာရေး (မသန်စွမ်း) လူနည်းစု များအား ကိုယ်စားပြုသူ၊ အကြမ်းဖက်မှုကဲ့သို့သော ထူးခြားဖြစ်စဉ် ကြုံတွေ့ခဲ့ရသူ၊ အမျိုးသမီးအဖွဲ့အစည်း အား ကိုယ်စားပြုသူတို့ ဖြစ်သည်။

**ဇယား (က) ဖြေဆိုသူများအား အလွှာသတ်မှတ် ရွေးချယ်ခြင်း။**

| | |
|---|---|
| ၂၀၂၀ ရွေးကောက်ပွဲတွင် အနိုင်လည်းရ၊ အမျိုးသမီးကိုယ်စားလှယ်လည်းရှိသော ပါတီ (၁၈) ပါတီမှ အမျိုးသမီးကိုယ်စားလှယ်လောင်း အရေအတွက် | ၁၈ |
| ယခင်နိုင်ခဲ့ဖူးသော်လည်း အနိုင်မရတော့သူ၊ အမျိုးသမီးများ ပါဝင်ယှဉ်ပြိုင် သော်လည်း အနိုင်မရရှိသူ၊ ပါတီ (၁၉) ပါတီမှ အမျိုးသမီးကိုယ်စားလှယ်လောင်း အရေအတွက် | ၁၉ |
| တသီးပုဂ္ဂလ အမျိုးသမီးကိုယ်စားလှယ်လောင်းအရေအတွက် | ၇ |
| ရွေးကောက်ပွဲအကြမ်းဖက်မှုအပါအဝင် ထူးခြားဖြစ်စဉ် ကြုံတွေ့ခဲ့ရသူ | ၅ |
| လူနည်းစု ကိုယ်စားပြုသူ | ၅ |
| အမျိုးသမီးအဖွဲ့အစည်း (၄) ခုမှ ကိုယ်စားပြုသူ | ၄ |
| **စုစုပေါင်း** | **၅၈** |

အဆိုပါ ပါဝင်ဖြေကြားပေးခဲ့သည့် အမျိုးသမီးကိုယ်စားလှယ်လောင်းများသည် ရောဝတီတိုင်းမှ လွဲ၍ ကျန် ပြည်နယ်နှင့် တိုင်းအသီးသီးရှိ လွှတ်တော်များတွင် ပါဝင်ယှဉ်ပြိုင်ကြသည့် ကိုယ်စားလှယ်လောင်းများ ဖြစ်သည်။ ဖြေဆိုပေးမည့် ကိုယ်စားလှယ်များအား ရွေးချယ်ရာတွင် အဆိုပါအလွှာ (၅) လွှာ သတ်မှတ် ရွေးချယ်သည့်အပြင် အသက်ရွယ်နှင့် လွှတ်တော်များအား မျှတစွာ ရွေးချယ်သောကြောင့် ရောဝတီတိုင်း ကိုယ်စားပြု ဝင်ရောက်ရွေးကောက်ခံသည့် ကိုယ်စားလှယ်အချို့ မပါဝင်နိုင်ခြင်းဖြစ်သည်။ ယခုစာတမ်း မေးမြန်းမှုတွင် အမျိုးသားလွှတ်တော်တွင် ရွေးချယ်ခံသူ (၄) ဦး၊ ပြည်သူ့လွှတ်တော်တွင် ရွေးချယ်ခံသူ (၁၆) ဦး၊ ပြည်နယ်နှင့် တိုင်းလွှတ်တော်တွင် ရွေးချယ်ခံသူ (၂၆) ဦး၊ သက်ဆိုင်ရာလူမျိုးစုမဲဆန္ဒနယ်အတွက် တိုင်းရင်းသားရေးရာဝန်ကြီးအဖြစ် ရွေးချယ်ခံသူ (၅) ဦးတို့ ပါဝင်ဖြေဆိုထားသည်။ အသက်အရွယ်အားဖြင့် ဖြေဆိုသူ၏ (၁၅) ရာခိုင်နှုန်းမှာ ၃၅ နှစ်အောက် ဖြစ်သည်။ ယခုစာတမ်းတွင် ပါဝင်ခဲ့သူ အားလုံး၏ (၇၂) ရာခိုင်နှုန်းမှာ ရွေးကောက်ပွဲတွင် စတင်ဝင်ရောက်ယှဉ်ပြိုင်သူ ကိုယ်စားလှယ်အသစ်များဖြစ်သည်။



# အမျိုးသမီးကိုယ်စားလှယ်များနှင့် မဲဆန္ဒနယ်ရွေးချယ်ခြင်း

**ရွေးကောက်ပွဲရလဒ် အနိုင်အရှုံးပေါ် သက်ရောက်မှုရှိနိုင်သည့် မဲဆန္ဒနယ် ရွေးချယ်ရာတွင် အမျိုးသမီးကိုယ်စားလှယ် အများစုသည် ဗျူဟာမြောက် စိစစ်ရွေးချယ်ခြင်းများထက် ပါတီများ သတ်မှတ်ပေးရာ (သို့) ရွေးကောက်ပွဲ ဥပဒေသတ်မှတ်ချက်များအရ (သို့) မိမိနှင့်နီးစပ်ရာ မဲဆန္ဒနယ်များကို ဦးစားပေးရွေးချယ်ခဲ့သည်ကို တွေ့ရှိရသည်။ မဲဆန္ဒနယ်အား ဗျူဟာမြောက် ရွေးချယ်သည်ဟု ဆိုရာတွင် လက်ရှိကျင့်သုံးနေသည့် ရွေးကောက်ပွဲ စနစ်၊ မဲဆန္ဒနယ်ခွဲဝေသတ်မှတ်သည့် ပုံစံ၊ လူဦးရေပြန့်ကျဲနေထိုင်မှုများအပေါ် များစွာမူတည်နေပါသည်။**

ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် လွှတ်တော်ဖွဲ့စည်းမှု ပုံစံအရ မြို့နယ်ပေါင်း ၃၃၀ မှ တစ်မြို့လျှင် တစ်ဦးကျ ရွေးချယ်စေလွှတ်သည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၃၀ ဦး၊ ပြည်နယ်နှင့် တိုင်းတစ်ခုစီမှ ၁၂ ဦးစီအညီအမျှစေလွှတ်သည့် အမျိုးသားကိုယ်စားလှယ် ၁၆၈ ဦး၊ မြို့ နယ်ပေါင်း ၃၃၀ တွင် တစ်မြို့လျှင် မဲဆန္ဒနယ်နှစ်ခုစီ သတ်မှတ်၍ ၂ ဦးစီ စေလွှတ်သည့် တိုင်းဒေသကြီးနှင့်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ၆၆၀ ဦး အသီးသီးဖြင့် ရွေးကောက်ခံ မဲဆန္ဒနယ်ပေါင်း (၁,၁၅၈) ခုရှိသည်။[4] မဲဆန္ဒနယ်များကို ခွဲဝေသတ်မှတ်ရာတွင် လူဦးရေအပေါ်အခြေခံ၍ မခွဲဝေဘဲ ထိုသို့ မြို့နယ်အပေါ်အခြေခံ၍ ခွဲဝေသတ်မှတ်သောကြောင့် ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်များအကြား မညီမျှမှုများ ဖြစ်ရသည်။ ဥပမာ - ပြည်သူ့လွှတ်တော်အတွက် ပဲခူးမြို့နယ် မဲဆန္ဒနယ်တွင် မဲပေးပိုင်ခွင့်ရှိသူ လူဦးရေမှာ ၄ သိန်းကျော် (၄၁၂,၆၃၁ ဦး) ဖြစ်ပြီး ကိုကိုးကျွန်း မဲဆန္ဒနယ်တွင် မဲပေးပိုင်ခွင့်ရှိသူ လူဦးရေမှာ ၁ ထောင် (၁,၄၆၆ ဦး)ကျော်သာရှိသည်။ သို့ဖြစ်၍ ပဲခူးမြို့နယ် မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်သည့် အမျိုးသမီးကိုယ်စားလှယ်လောင်းများမှာ အနိုင်ရရှိရန် မဲပေါင်းသိန်းကျော်လိုအပ်သော်လည်း ကိုကိုးကျွန်းမြို့နယ် မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်သည့် အမျိုးသားကိုယ်စားလှယ်လောင်းများမှာ အနိုင်ရရှိရန် မဲပေါင်း ၁ ထောင်ကျော်သာ လိုအပ်သည်။ ၂၀၂၀ ရွေးကောက်ပွဲတွင် ပဲခူးမြို့နယ်တွင် အမျိုးသမီးကို ယ်စားလှယ်လောင်း နှစ်ဦးဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ကိုကိုးကျွန်းတွင် အမျိုးသမီးကိုယ်စားလှယ်လောင်း မရှိခဲ့ပါ။

ထို့အပြင် မြို့နယ်/မဲဆန္ဒနယ် တစ်နယ်နှင့် တစ်နယ်သည် မြေပြင်တည်နေရာနှင့် လူဦးရေပြန့်ကျဲနေထိုင်မှုမှာ မတူညီသောကြောင့် ကိုယ်စားလှယ်လောင်းများကြုံတွေ့ရသည့် ရွေးကောက်ပွဲဆိုင်ရာ စိန်ခေါ်မှုများမှာ ကွာခြားလှသည်။ ဥပမာ - ချင်းပြည်နယ်ရှိ မဲဆန္ဒနယ်များမှာ ဝေးလံခေါင်ဖျားပြီး ရာသီဥတု ဆိုးရွားချိန်တွင် သွားလာရ ခက်ခဲသောကြောင့် မဲဆွယ်ကာလ သတ်မှတ်ရက် ရက်ပေါင်း (၆၀)အတွင်း အကုန်ရောက်ရှိရန် ခက်ခဲသကဲ့သို့ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ တနင်္သာရီတိုင်းကဲ့သို့သော နေရာဒေသ မဲဆန္ဒများသို့ အကုန်နှံ့စပ် ရောက်ရှိရန်မှာ ရွေးကောက်ပွဲကုန်ကျစရိတ် ကြီးလှသည်။ လူဦးရေ ပြန့်ကျဲနေထိုင်မှုများက လူမျိုးစု မဲဆန္ဒရှင်များကို အဓိကဦးတည်၍ မဲဆွယ်သော လူမျိုးစုကိုယ်စားလှယ်များအတွက် ပို၍ခက်ခဲစေသည်။ လူမျိုးစုများ၏ ထောက်ခံမဲလိုအပ်သော်လည်း လီဆူအမျိုးသမီးကိုယ်စားလှယ်တစ်ဦးမှာ ၎င်းတို့ လူမျိုးစု

4 လုံခြုံရေးအခြေနေများကြောင့် ရွေးကောက်ပွဲမကျင်းပသည့် နေရာများရှိသဖြင့် ၂၀၂၀ ရွေးကောက်ပွဲတွင် မဲဆန္ဒနယ်ပေါင်း (၁၁၀၄) နေရာတွင်သာရွေးကောက်ပွဲကျင်းပခဲ့သည်။ သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းတွင် လူဦးရေ ၀.၁ ရာခိုင်နှုန်း (၅၅၀၀၀) နှင့်အထက်ရှိသူ လူနည်းစုများအတွက် တိုင်းရင်းသားရေးရာဝန်ကြီး တစ်နေရာ ယှဥ်ပြိုင်ခွင့်ရှိသည်။ လူဦးရေ ပြောင်းလဲမှုရှိသော်လည်း ၂၀၁၅ နှင့် ၂၀၂၀ ရွေးကောက်ပွဲတွင် တိုင်းရင်းသားရေးရာဝန်ကြီးနေရာ ၂၉ နေရာရှိခဲ့သည်။

များ နေထိုင်ရာမြို့၏ တောင်ပိုင်းသို့ မဲဆွယ်ရန် ရောက်ရှိခဲ့သော်လည်း မြောက်ပိုင်းသို့ အချိန်မလောက်၍ သွားရောက် နိုင်ခဲ့ခြင်းမရှိပေ။

မဲဆန္ဒနယ်ခွဲဝေရာတွင် လူဦးရေပေါ် အခြေမခံဘဲ မြို့ပေါ် အခြေခံ ခွဲဝေခြင်းက ရွေးကောက်ပွဲတွင် ယှဉ်ပြိုင်သည့် ကိုယ်စားလှယ်များအကြား မညီမျှမှုကို ဖြစ်ပေါ်စေသော်လည်း အမျိုးသမီးကိုယ်စားလှယ်များ မဲဆန္ဒနယ် ရွေးချယ်ရာတွင် အဆိုပါအချက်ကို ဦးစားပေးရွေးချယ်ခြင်းထက် မိမိနှင့် နီးစပ်သော မဲဆန္ဒနယ်၊ ပါတီမှ ခွင့်ပြုပေးသော မဲဆန္ဒနယ်၊ ရွေးကောက်ပွဲ ဥပဒေများအရ လက်လှမ်းမီသော မဲဆန္ဒနယ်ကို ဦးစားပေးရွေးချယ်သည်ကို တွေ့ရသည်။ အင်တာဗျူးမေးမြန်းခဲ့သော ကိုယ်စားလှယ်အများစုသည် ၎င်းတို့ ဇာတိမြို့မှ ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ရန် အဓိကထား ရွေးချယ်သည်ကို  တွေ့ရသည်။ မိမိ ဇာတိမှ ယှဉ်ပြိုင်သည့်အတွက် နယ်မြေကျွမ်းကျင်ခြင်း၊ လူထုလိုလားချက်ကိုသိရှိခြင်း၊ လူထုနှင့် ယုံကြည်မှု တည်ဆောက်နိုင်ခြင်းစသည့် အားသာချက်များရှိသည်။ သို့သော်လည်း မိမိဇာတိသည် လူဦးရေများသော မဲဆန္ဒနယ်၊ သွားလာရခက်ခဲသော မဲဆန္ဒနယ်၊ ရှေးရိုးစွဲကြီးမား၍ အမျိုးသမီး ကိုယ်စားလှယ်များကို ရွေးချယ်ရန် အားမသာသော မဲဆန္ဒနယ်၊ ယှဉ်ပြိုင်မှု ပြင်းထန်ပြီး နာမည်ကြီး ပုဂ္ဂိုလ်များ (သို့) လက်ရှိ အစိုးရတာဝန်ယူထားသည့် ပုဂ္ဂိုလ်များ ယှဉ်ပြိုင်သော မဲဆန္ဒနယ်၊  မိမိသည် လူမျိုးစု ကိုယ်စားလှယ်ဖြစ်ပြီး မိမိလူမျိုးအများစု စုစည်းမနေထိုင်ဘဲ အခြားသော လူမျိုးစုများနှင့်အတူ ပြန့်ကျဲနေထိုင်သော မဲဆန္ဒနယ်၊ မိမိသည် ဘာသာခြားဖြစ်ပြီး မိမယှဥ်ပြိုင်မည့် မဲဆန္ဒနယ်သည် ဘာသာရေးအဓိကရုဏ်းများ ဖြစ်တတ်သော မဲဆန္ဒနယ် ဖြစ်ပါက မိမိ၏ ဇာတိတွင် ယှဉ်ပြိုင်လင့်ကစား စိန်ခေါ်မှုများ ကြုံတွေ့ရနိုင်ပါသည်။

မဲဆန္ဒနယ်ရွေးချယ်ရာတွင် မည်သည့်လွှတ်တော်တွင် ရွေးကောက်ခံမည်အား ရွေးချယ်ခြင်းလည်း ပါဝင်သည်။ ယှဥ်ပြိုင်မည့် လွှတ်တော်ရွေးချယ်ရာတွင် ဥပဒေပြု လိုသူများက ပြည်ထောင်စုလွှတ်တော် နေရာများကို ယှဉ်ပြိုင်ရန် ရွေးချယ်ပြီး ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်လိုသူများက ပြည်နယ်၊ တိုင်းလွှတ်တော်များတွင် ရွေးချယ်ယှဉ်ပြိုင်ကြသည်။ ရွေးကောက်ပွဲဥပဒေ အသက်သတ်မှတ်ချက် မပြည့်မီ၍ ပြည်နယ်၊ တိုင်းလွှတ်တော်တွင် ယှဉ်ပြိုင်ရန် ရွေးချယ်သည်များလည်းရှိသည်။ ရွေးကောက်ပွဲဥပဒေအရ ရွေးကောက်ခံခွင့်ရှိသူ ကိုယ်စားလှယ်လောင်း သတ်မှတ်ချက်တွင် ပြည်သူ့လွှတ်တော်နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးလွှတ်တော်အတွက် အသက် ၂၅ နှစ်ပြည့်မီရမည်ဖြစ်ပြီး၊ အမျိုးသားလွှတ်တော်အတွက် အသက် ၃၀ ပြည့်မီရမည်ဟု သတ်မှတ်ထားသည်။ အတွေ့အကြုံယူလိုသူ ကိုယ်စားလှယ်လောင်းများသည် ပြည်နယ်/တိုင်းလွှတ်တော်များတွင် ယှဉ်ပြိုင်လေ့ရှိသည်။ သို့သော် မြို့နယ်ရွေးချယ်မှုများနှင့် လွှတ်တော်ရွေးချယ်မှုများသည် မိမိတို့  ဦးစားပေးရွေးချယ်ခြင်းထက် ပါတီမှ ခွင့်ပြုသော (သို့မဟုတ်) ရွေးချယ်သတ်မှတ်ပေးသော မဲဆန္ဒနယ်များတွင် ယှဉ်ပြိုင်ရသည်ကများသည်။ အချို့ အမျိုးသမီးကိုယ်စားလှယ်လောင်းများ အနေဖြင့် ပါတီယှဉ်ပြိုင်မည့် မဲဆန္ဒနယ် လစ်လပ်နေရာများတွင် ဖြည့်၍ ယှဥ်ပြိုင်ရန် တာဝန်ပေးခြင်း ခံရသည်များလည်းရှိသည်။ ယခုစာတမ်းတွင် ပါဝင်သူ အမျိုးသမီးကိုယ်စားလှယ်လောင်းတစ်ဦးသည် ပါတီ တစ်ခု၏ အရန်အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး ကိုယ်စားလှယ်လောင်းအဖြစ် အတည်မပြုမီကတည်းမှ ၎င်း၏ မဲဆန္ဒနယ်မှာ ပါတီမှ ရွေးချယ်တာဝန်ပေးထားခြင်းဖြစ်သည်။

ပါတီအများစုတွင် ကိုယ်စားလှယ်လောင်းရွေးချယ်ရေး ကော်မတီများ ဖွဲ့စည်းထားပြီး ပါတီကိုယ်စားပြု ဝင်ရောက် ယှဉ်ပြိုင်လိုသော ကိုယ်စားလှယ်များမှာ လျှောက်လွှာတင်၍ အဆင့်ဆင့် စိစစ်ရွေးချယ်ခံရသည်။ ပါတီကိုယ်စားလှယ်လောင်း ရွေးချယ်ရေးကော်မတီအများစုတွင် အမျိုးသမီးပါဝင်မှု လုံးဝမရှိခြင်း သို့မဟုတ် တစ်ဦးစ နှစ်ဦးစသာ ပါဝင်မှု ရှိသည်ကိုတွေ့ရသည်။ အကျိုးဆက်အနေဖြင့် အမျိုးသား ကိုယ်စားလှယ်လောင်းများအား ဦးစားပေးရွေးချယ်ခြင်း၊ နိုင်နိုင်ခြေများသည့် မဲဆန္ဒနယ်များတွင် မရွေးချယ်စေခြင်းတို့ အမျိုးသမီးကိုယ်စားလှယ်လောင်း အချို့ ကြုံတွေ့ရသည်။ ပါတီများတွင် မိမိတို့ အမာခံနယ်မြေနှင့် ထိုးဖောက်နယ်မြေဟူ၍ရှိပြီး အမျိုးသမီးကိုယ်စားလှယ်လောင်းများကို အနိုင်ရရှိရန်မသေချာသည့် ထိုးဖောက်နယ်မြေများတွင် ရွေးချယ်စေသည်ဟု ကိုယ်စားလှယ်လောင်း တချို့ကဖြေကြားသည်။ အမာခံနယ်မြေမှာ မိမိတို့ ပါတီအား ဝန်းရံထောက်ခံသူများခြင်း၊ ယခင် ရွေးကောက်ပွဲများတွင် အနိုင်ရရှိဖူးခြင်း၊ ရပ်ကျေးအဆင့်ဆင့်တွင် ပါတီရုံးခွဲများနှင့် စည်းရုံးရေးမှူးများရှိခြင်း၊ ယှဉ်ပြိုင်လျှင် အနိုင်ရနိုင်ခြေများသော

မဲဆန္ဒနယ်မြေများကို ရည်ညွှန်းပြီး ထိုးဖောက်နယ်မြေမှာ အဆိုပါအခြေအနေများ ရှိမနေသေးဘဲ ပါတီစည်းရုံးရေးများ အင်တိုက်အားတိုက် လုပ်ဆောင်ရန် လိုအပ်နေသေးသော မဲဆန္ဒနယ်မြေသစ်များကို ရည်ညွှန်းသည်။ အမျိုးသမီး ကိုယ်စားလှယ်တစ်ဦးက "နိုင်ရန်သေချာသည့် နေရာများတွင် ပါတီလူကြီး အမျိုးသားတွေချည်း ဝင်ပြိုင်သည်" ဟု မှတ်ချက်ပြုသည်။[5]

"

**နိုင်ရန်သေချာသည့် နေရာများတွင် ပါတီလူကြီး အမျိုးသားတွေချည်း ဝင်ပြိုင်သည်။**

ယခုစာတမ်းတွင်လေ့လာတွေ့ ရှိမှုအရ ဗျူဟာမြောက်မဲဆန္ဒနယ် ရွေးချယ်ရာခြင်းနှင့် အမျိုးသမီးကိုယ်စားလှယ်များ ရွေးကောက်ခံနိုင်ခြေသည် ဆက်စပ်နေသည်ကိုတွေ့ ရှိရသည်။ ဗျူဟာမြောက်မဲဆန္ဒနယ်ရွေးချယ်ရာတွင် လူဦးရေနှင့်နယ်မြေ အနေအထားအရ မကြီးလွန်း သို့မဟုတ် မသေးလွန်းသော မဲဆန္ဒနယ်၊ ရွာများ ရပ်ကွက်များ ပြန့်ကျဲမှုနည်းပြီး တစ်စုတစ်စည်းတည်းရှိသော မဲဆန္ဒနယ်၊ အကယ်၍ မိမိသည် တိုင်းရင်းသူ ကိုယ်စားလှယ်ဖြစ်ပါက အနည်းဆုံး မဲရလဒ်ပြည့်မီရန် လိုအပ်သော လူဦးရေရှိသည့် မဲဆန္ဒနယ်များကို မျှတစွာရွေးချယ်ရန် ဖြစ်သည်။ ထို့အပြင် မိမိကိုယ်စားပြုယှဉ်ပြိုင်မည့် ပါတီ၏ အမာခံ နေရာဒေသ ဖြစ်သောမဲဆန္ဒနယ်၊ မိမိနှင့် အကျွမ်းတဝင်ရှိသော မဲဆန္ဒနယ်၊ အမျိုးသားရေးဝါဒီ ပြင်းထန်သော သို့မဟုတ် ဘာသာရေးပဋိပက္ခနည်းသော မဲဆန္ဒနယ်၊ နာမည်ကြီးလူပုဂ္ဂိုလ်များ သို့မဟုတ် လက်ရှိ အစိုးရရာထူးကြီးသူများ ပါဝင်ယှဉ်ပြိုင်မှု မပြင်းထန်သော မဲဆန္ဒနယ်၊ အမျိုးသမီးကိုယ်စားလှယ်များကို ရွေးချယ်အားပေး လိုသော လွတ်လပ်ပွင့်လင်းမှုရှိသည့် မဲဆန္ဒနယ်၊ အမျိုးသမီးကွန်ယက်အဖွဲ့အစည်းများ အားကောင်းသည့် မဲဆန္ဒနယ်များကို နှိုင်းယှဉ်စဉ်းစား၍ မျှတစွာ ရွေးချယ်ရန် လိုအပ်သည်။ သို့မဟုတ်ပါက တပါးသူအား အကျောပေး ယှဉ်ပြိုင်ရခြင်း သကဲ့သို့ ဖြစ်နိုင်ပြီး အနိုင်ရရှိရန်အတွက် စိန်ခေါ်မှုများစွာ ကြုံတွေ့ရနိုင်သည်။

5 အင်တာဗျူး၊ ၂၄ နိုဝင်ဘာ ၂၀၂၀။

# အမျိုးသမီးကိုယ်စားလှယ်များနှင့် မဲဆွယ်စည်းရုံးခြင်း

မဲဆွယ်စည်းရုံးခြင်းနှင့်ပတ်သက်၍ အမျိုးသမီးကိုယ်စားလှယ်များသည် ငွေရေးကြေးရေး၊ လူအင်အား၊ နည်းပညာ ကျွမ်းကျင်မှု၊ အထောက်အပံ့၊ ကိုဗစ်ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းမျဉ်း စည်းကမ်းများ၊ မိမိကိုယ်စားပြုယှဉ်ပြိုင်ရာ ပါတီနှင့် ရွေးကောက်ပွဲ စည်းမျဉ်းစည်းကမ်းဆိုင်ရာ လိုအပ်ချက်များကြောင့် စိန်ခေါ်မှုများ ကြုံတွေ့ရသည်။ ကိုယ်စားလှယ်များသည် ရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပြန်သော မဲဆွယ်စည်းရုံးရေးဆိုင်ရာ လမ်းညွှန်ချက်များအပြင် ကိုဗစ်ရောဂါကူးစက်ပြန့်ပွားမှု ကာကွယ်ရန် ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော Standard Operation Procedures (SOP) ပါ လိုက်နာခဲ့ရသည်။ ထိုလမ်းညွှန်ချက်များအရ မဲဆွယ်စည်းရုံးရာတွင် အယောက် (၅၀) ထက်ပို၍ စုစည်းမရသကဲ့သို့ တစ်ဦးနှင့် တစ်ဦးကြား ၆ ပေ ကွာခြားရန် လိုအပ်ချက်များ ရှိသည်။ ထို့အပြင် ရွေးကောက်ပွဲမတိုင်မီ ပြင်ဆင်ခဲ့သည့် မဲဆွယ်စည်းရုံးရေးဆိုင်ရာ ညွှန်ကြားချက်အရ လူထုအစည်းအဝေးများကို ဘာသာရေး အဆောက်အအုံများတွင် သုံးခွင့်မရှိတော့ပေ။ ထိုညွှန်ကြားချက် များပေါင်းစပ်သောအခါ ကိုယ်စားလှယ်များမှာ လူထုတွေ့ဆုံပွဲများ ကျင်းပရန် နေရာအခက်အခဲရှိသည့်အပြင် လူ (၅၀) ထက်ပို၍ စုစည်းခွင့်မရသောကြောင့် ရွာတစ်ရွာလျှင် နှစ်နေရာ သုံးနေရာခွဲ၍ အကြိမ်ကြိမ် ဆွေးနွေးဟောပြောရပြီး အချိန်၊ ငွေများ ပိုမိုကုန်ကျပြီး အမျိုးသမီး ကိုယ်စားလှယ်အများစုမှာ မဲဆွယ် ကာလရက်ပေါင်း (၆၀) အတွင်း မဲဆန္ဒနယ် နေရာအစုံသို့ သွားရောက် မစည်းရုံးနိုင်ခဲ့ပေ။ အချို့ရွာများ၊ ရပ်ကွက်ကျေးရွာများတွင် ကိုယ်ပိုင်လုံခြုံရေး အစီအမံများဖြင့် သူစိမ်းမဝင်စေရန် ပိတ်ဆို့ ကာရံခြင်းများ ပြုလုပ်ခဲ့ပြီး မဲဆွယ်စည်းရုံးမှုအား ပိုမိုအကန့်အသတ်ဖြစ်စေခဲ့သည်။ အထူးသဖြင့် မြို့ နယ်ပေါင်း (၇၄) မြို့နယ်တွင် နေအိမ်တွင်းနေထိုင်ရန် ညွှန်ကြားချက်များရှိခဲ့သဖြင့် ထိုမြို့နယ်များတွင် ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်သော ပါတီအသီးသီးမှ အမျိုးသမီး ကိုယ်စားလှယ် အနည်းဆုံး (၃၉)ဦးမှာ လူထုနှင့် ထိတွေ့ဟောပြောခွင့်မရဘဲ ရွေးကောက်ပွဲတွင် ယှဉ်ပြိုင်ခဲ့ရသည်။[6]

ရန်ကုန်တိုင်းမှအပ အခြားနေရာများတွင် မြေပြင်မဲဆွယ်စည်းရုံးမှု အချို့ ဆက်လက်ရှိခဲ့ပြီး၊ အင်တာနက် ဖြတ်တောက်ခံရသော ရခိုင်ပြည်နယ်၊ ချင်းပြည်နယ် ပလက်ဝနှင့် အင်တာနက်ဆက်သွယ်မှု မရသော ဒေသအချို့မှအပ နေရာများတွင် အွန်လိုင်းမှတဆင့် မဲဆွယ်စည်းရုံးမှုများ ရှိခဲ့သည်။ အမျိုးသမီးကိုယ်စားလှယ်လောင်း အများစုမှာ တစ်အိမ်တက်ဆင်း pamphlet ဝေခြင်း၊ မဲဆန္ဒနယ်ရှိ ရွာများသို့ ဆင်း၍ လူထုနှင့် တွေ့ဆုံစကားပြောခြင်း၊ သတင်းမီဒီယာ၊ လူမှုကွန်ယက်အား အသုံးပြု၍ မဲဆွယ်စည်းရုံးကြသည်။ မဲဆွယ်စည်းရုံးရာတွင် အချို့ပါတီများမှ ငွေကြေး၊ လူအင်အားပံ့ပိုးမှုပေးခြင်း ပြုလုပ်ပေးနိုင်ခဲ့သော်လည်း သုတေသနတွင် ပါဝင်ခဲ့သော အမျိုးသမီးကိုယ်စားလှယ်အများစုက မိမိ၏ ကိုယ်ပိုင်ငွေကြေး၊ လူအင်အား အနည်းငယ်ဖြင့် မဲဆွယ်စည်းရုံးခဲ့သည်ဟုဆိုသည်။ ပါတီ ရုံးခွဲမရှိသည့် မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရသော အမျိုးသမီးကိုယ်စားလှယ်များမှာ ပါတီ၏ပံ့ပိုးမှု မရရှိဘဲ ယှဉ်ပြိုင်ခဲ့ရပြီး ထိုသို့ပံ့ပိုးမှု မရရှိခြင်းက

6 မဲဆန္ဒနယ်တစ်ခုတွင် ဟောပြောပွဲအပြီး ကိုဗစ်ကူးစက်မှုတွေ့ ရှိရသောကြောင့် ကိုယ်စားလှယ်လောင်းများနှင့် အစည်းဝေးတက်ရောက်ခဲ့သူ ရွာသူရွာသားများ (၁၄) ရက် ကွာရန်တင်း ဝင်ခဲ့ရပြီး ကိုယ်စားလှယ်လောင်းများအတွက် (၃ ဦးအနက် တစ်ဦးမှာ အမျိုးသမီးကိုယ်စားလှယ်လောင်း) မဲဆွယ်စည်းရုံးနိုင်မည့် အချိန်ကာလလျော့ပါးသွားခဲ့သည်။

> “
> **မဲဆန္ဒရှင်လူထုသည် အင်အားအများအပြားနှင့် လာရောက်စည်းရုံးနိုင်သော ပါတီကိုယ်စားလှယ်များ အပေါ် ပိုမိုအားကိုးလိုစိတ် ရှိကြသည်။**

၎င်းတို့၏ ရွေးကောက်ခံပိုင်ခွင့် အလားအလာပေါ် သက်ရောက်မှုရှိခဲ့သည်။ “မဲဆန္ဒရှင်လူထုသည် အင်အားအများအပြားနှင့် လာရောက်စည်းရုံးနိုင်သော ပါတီကိုယ်စားလှယ်များအပေါ် ပိုမိုအားကိုးလိုစိတ်ရှိကြသည်” ဟု အမျိုးသမီးကိုယ်စားလှယ် တစ်ဦးက ဆိုသည်။[7]

အမျိုးသမီးကိုယ်စားလှယ်လောင်းများအကြား နည်းပညာ ကျွမ်းကျင်မှု ကွာဟချက်ကြီးမားပြီး အချို့မှာ လူသိများ ထင်ပေါ် ကျော်ကြားပြီးသူများ ဖြစ်သည့်အလျောက် အွန်လိုင်း လူမှုကွန်ယက်နှင့် သတင်းမီဒီယာ အင်တာဗျူးများ၊ ဆွေးနွေး ဝိုင်းများမှတဆင့် မိမိ၏ သတင်းစကားကို အများသူငှာ သိရှိရန် ဖော်ပြနိုင်သည်။ အချို့သော ကိုယ်စားလှယ်လောင်းများမှာ လက်ရှိ လွှတ်တော်အမတ်များ၊ အစိုးရ တာဝန်ရှိသူများဖြစ် သည့်အလျောက် လူသိများ ထင်ပေါ်ကျော်ကြားခြင်း၊ ၎င်းတို့ လုပ်ဆောင်ခဲ့သည်များကို အများပြည်သူ သိရှိရန် အစီရင်ခံနိုင် ခြင်း၊ အွန်လိုင်း လူမှုကွန်ယက်များမှ ထိထိရောက်ရောက် မဲဆွယ်နိုင်ခြင်းတို့ ရှိခဲ့သည်။[8] အမျိုးသမီးကိုယ်စားလှယ်လောင်း အချို့သာ မဲဆန္ဒရှင်များ၏ လိုလားချက်များကို သိရှိရန် စစ်တမ်းများ ကောက်ယူခြင်း၊ မဲဆန္ဒနယ်အတွင်း နေထိုင်သူ လူဦးရေ၊ အသက်အရွယ်ပိုင်းခြား၊ အလုပ်အကိုင်စသည့် အချက်အလက်များအသုံးပြု၍ မဲဆွယ်သည့် နည်းလမ်းများနှင့် မဲဆွယ်မည့် ကတိကဝတ်များ ဖော်ထုတ်ခြင်းဆောင်ရွက်ခဲ့သည်။ အနည်းငယ်မှာ ဖုန်းဆက်၍လည်းကောင်း စာတိုက်မှလည်း ကောင်း မဲဆွယ်စည်းရုံးမှုများနှင့် မဲဆန္ဒရှင် အသိပညာပေး လုပ်ငန်းများ လုပ်ဆောင်နိုင်ခဲ့သည်။ သို့သော် အမျိုးသမီး ကိုယ်စားလှယ်အများစုမှာ ရွေးကောက်ပွဲ ကော်မရှင်မှ မဲဆန္ဒရှင် ဆိုင်ရာ သတင်းအချက်အလက်များ (အထူးသဖြင့် တိုင်းရင်းသား လူဦးရေ) မရရှိခဲ့၍ ထိုသို့ မဆောင်ရွက်နိုင်ခဲ့ပေ။[9]

အင်တာဗျူးတွင် ပါဝင်ဖြေကြားခဲ့သော အမျိုးသမီးကိုယ်စားလှယ် ၃ ပုံ ၂ ပုံ၏ မဲဆွယ် ကတိကဝတ်တွင် အမျိုးသမီးများနှင့် ဆိုင်သော ကတိများ ပါဝင်သည်။[10] သို့သော်လည်း ပါတီ ကိုယ်စားပြု၍ ယှဉ်ပြိုင်သော အမျိုးသမီးကိုယ်စားလှယ်

---

7 အင်တာဗျူး၊ ၂၃ နိုဝင်ဘာလ ၂၀၂၀။

8 အချို့၏ Facebook စာမျက်နှာများသည် အကောင့်စစ်မှန်ကြောင်း အပြာရောင်အမှတ်သားများ ရှိထားပြီး follower များစွာနှင့် ဆက်သွယ်မှု ရှိသည်။

9 မဲဆန္ဒနယ်အတွင်း နေထိုင်သူ လူဦးရေ၊ အသက်ရွယ်ပိုင်းခြား၊ အလုပ်အကိုင် စသည့် အချက်လက်များအသုံးပြု၍ မဲဆွယ်ခဲ့သည့် အမျိုးသမီး ကိုယ်စားလှယ်လောင်းများမှာ ယခင် စုစည်းထားသော စာရင်းဇယားများ၊ လူဦးရေ သန်းခေါင်စာရင်းကဲ့သို့ သော အချက်လက်များ မှီငြိမ်း၍ မဲဆွယ် စည်းရုံးများ နည်းလမ်းများကို ရှာဖွေခဲ့ခြင်းဖြစ်သည်။

10 အင်တာဗျူးတွင်ဖြေကြားခဲ့သည့် အပေါ် သုံးသပ်ထားခြင်းသာဖြစ်ပြီး အမျိုးသမီးကိုယ်စားလှယ်လောင်း တဦးတယောက် ချင်းစီ၏ pamphlet များ၊ ဟောပြောပွဲများကို မလေ့လာနိုင်ခဲ့ပါ။

လောင်းများအနေဖြင့် အမျိုးသမီးအရေးဆိုင်ရာ ကတိကဝတ်များထက် မိမိပါတီ၏ ကတိကဝတ် များ၊ ဒေသခံများလိုလားထောက်ခံမည့် ကတိကဝတ်များဟု ပါတီကသတ်မှတ်သော ကတိကဝတ်များသာ ပြောဆို မဲဆွယ်ခဲ့ရသည်များရှိသည်။ ပါတီခြေကုတ် ရှိမထားသော ထိုးဖောက်နယ်မြေတွင် ယှဉ်ပြိုင်ရသည့် အမျိုးသမီးကိုယ်စားလှယ်လောင်းများမှာ မဲဆွယ်ကာလတွင် မိမိကတိကဝတ်များ ရှင်းပြစည်းရုံး ခြင်းထက် ပါတီမိတ်ဆက်ခြင်းများကို အဓိကထား ဆောင်ရွက်ရသည်များရှိသည်။ အသက်ငယ်သူ အမျိုးသမီးကိုယ်စားလှယ်လောင်းအချို့သည် အသက်ကြီးသူ ပါတီစည်းရုံးရေးမှူး အမျိုးသားများ၏ လွှမ်းမိုးမှုခံရပြီး အမျိုးသမီးနှင့်ဆိုင်သော ကတိကဝတ်များ၊ မိမိကိုယ်စားပြုလိုသော ကတိကဝတ်များ ပြောကြားခွင့်မရဘဲ ၎င်းတို့ အကြံပြုသည့်အတိုင်း ဟောပြောစည်းရုံးရသည်များလည်း ရှိသည်ဟုဆိုသည်။ “ကိုယ်စားလှယ်၏ မဲဆွယ်စည်းရုံးရေးအဖွဲ့တွင် အမျိုးသမီးစည်းရုံးရေးမှူးများ၊ ရပ်ကျေးပါတီများတွင် အမျိုးသမီးစည်းရုံးရေးမှူးများ ရှိခြင်းက အမျိုးသမီးကိုယ်စားလှယ်လောင်းများအတွက် အထောက်အကူဖြစ်စေမည်” ဟု ကိုယ်စားလှယ်လောင်း တစ်ဦးက ဆိုသည်။[11] ၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သော ကိုယ်စားလှယ်လောင်းများအနက် (၅၁၀) ဦးတွင် မဲဆွယ်စည်းရုံးရေးတာဝန်ခံ သို့မဟုတ် စည်းရုံးရေးမှူး ရှိပြီး ထိုစည်းရုံးရေးမှူးများ၏ ၁၂ ရာခိုင်နှုန်းကသာ အမျိုးသမီးများ ဖြစ်သည်ဟု အစီရင်ခံစာတစ်စောင်ကဆိုသည်။[12]

> **ကိုယ်စားလှယ်၏ မဲဆွယ်စည်းရုံးရေးအဖွဲ့တွင် အမျိုးသမီးစည်းရုံးရေးမှူးများ၊ ရပ်ကျေးပါတီများတွင် အမျိုးသမီးစည်းရုံးရေးမှူးများရှိခြင်းက အမျိုးသမီးကိုယ်စားလှယ်လောင်းများအတွက် အထောက်အကူဖြစ်စေမည်။**

နိုင်ငံရေး ပါတီများအနေဖြင့် ၎င်းတို့၏ ပါတီမူဝါဒများကို နိုင်ငံပိုင် သတင်းဌာနမှ ၁၅ မိနစ်စာ ဟောပြော မိတ်ဆက်ခွင့်ရှိပြီး ထိုဟောပြောချက်များအား မြန်မာ့ရုပ်သံ အသံလွှင့် ဌာန၊ လွှတ်တော် ချန်နယ်၊ မြန်မာ့ရေဒီယိုနှင့် မြန်မာ့အသံ လူမှုကွန်ယက် စာမျက်နှာများမှ ပြန်လည်ထုတ်လွှင့်သည်။ ထိုအစီအစဉ်တွင် နိုင်ငံရေးပါတီ စုစုပေါင်း (၇၀) ပါတီ ပါဝင်ခဲ့ပြီး (၁၅) ပါတီသာလျှင် အမျိုးသမီးမှ တစ်ဦးထဲသော်လည်းကောင်း၊ အမျိုးသားကိုယ်စားလှယ်နှင့် ယှဉ်တွဲလျက်သော်လည်းကောင်း ပါတီကိုယ်စားပြု ဟောပြောခဲ့သည်။ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်နှင့် မွန်ညီညွတ်ရေးပါတီ နှစ်ပါတီတွင် အမျိုးသားနှင့် အမျိုးသမီးပါတီကိုယ်စားလှယ်တို့ တွဲဖက်၍ ဘာသာစကားနှစ်မျိုးဖြင့် ဟောပြောခဲ့သည်။ တစ်သီးပုဂ္ဂလ ယှဉ်ပြိုင်သူ ကိုယ်စားလှယ်များမှာ နိုင်ငံပိုင် သတင်းဌာနမှ

---

11 အင်တာဗျူး၊ ၁ ဒီဇင်ဘာလ ၂၀၂၀။

12 ရွေးကောက်ပွဲဆိုင်ရာ ပြည်သူ့လှုပ်ရှားမှုအဖွဲ့၊ မဲဆွယ်ကာလစည်းရုံးရေး စောင့်ကြည့်လေ့လာခြင်း ကနဦးအစီရင်ခံစာ။ စက်တင်ဘာလ ၂၈ ရက်မှ အောက်တိုဘာလ ၁၁ ရက်အထိ လေ့လာခဲ့သည့် အစီရင်ခံစာဖြစ်ပြီး အမျိုးသားအမျိုးသမီး ကိုယ်စားလှယ်ပေါင်း ၁,၁၀၈ ဦးအား မေးမြန်းခဲ့ခြင်း ဖြစ်သည်။

ဟောပြောစည်းရုံးခွင့် မရှိသည့်အတွက် တစ်သီးပုဂ္ဂလ အမျိုးသမီးကိုယ်စားလှယ် (၂၅) ဦးသည် လေလှိုင်းမှ ဟောပြောခွင့် ဆုံးရှုံးခဲ့သည်။

၂၀၂၀ အထွေထွေရွေးကောက်ပွဲသည် နိုင်ငံရေးပြိုင်ဆိုင်မှု ပြင်းထန်သည့် ရွေးကောက်ပွဲတစ်ခု ဖြစ်သည့် အလျောက် မဲဆွယ်စည်းရုံးရေးကာလအတွင်း ပါတီဝန်းရံသူအချင်းချင်းကြား ခိုက်ရန်ဖြစ်ပွားမှု၊ သတင်း အချက်အလက်အမှားများ အသုံးပြု၍ လူမျိုးရေးဘာသာရေး အသုံးချ မဲဆွယ်မှု၊ ကိုယ်စားလှယ်လောင်း ယာဉ်တန်းအား နှောက်ယှက်မှု၊ သီချင်းများ ကျယ်လောင်စွာ အပြိုင်အဆိုင်ဖွင့်၍ အခြားကိုယ်စားလှယ်များ မဲဆွယ်မရရှိစေရန် ပြုမူခြင်း၊ ကိုယ်စားလှယ်လောင်း ဆိုင်းဘုတ်များအား ဖျက်ဆီးခြင်းစသည်တို့ များစွာ ကြုံတွေ့ရသော ရွေးကောက်ပွဲတစ်ခုဖြစ်ပြီး ကိုဗစ်စည်းမျဉ်းစည်းကမ်းများ ချိုးဖောက်သည်ဟူသော အပြန် အလှန် စွပ်စွဲမှုများလည်းရှိသည်။ ထိုအခြေအနေတွင် ယှဉ်ပြိုင်ရသည့် အမျိုးသမီးကိုယ်စားလှယ်လောင်း အချို့၏ မဲဆွယ်စည်းရုံးရေးတွင် ရန်စနှောင့်ယှက်မှုများ၊ ခြိမ်းခြောက်မှုများ ကြုံတွေ့ခဲ့ရသည်။ ရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် လူမျိုးရေး၊ ဘာသာရေး အသုံးပြု၍ မဲဆွယ်နေမှုများကို မဟန့်တားနိုင်ခဲ့ သည့်အပြင် အမျိုးသမီးကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်ကာလ လုံခြုံရေးကို အာမခံပေးနိုင်ခြင်းမရှိခဲ့ ပါ။ ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်တွင် ဝင်ရောက်ယှဉ်ပြိုင်သည့် အမျိုးသမီးကိုယ်စားလှယ်လောင်း နှစ်ဦးမှာ မဲဆွယ်ကာလအတွင်း တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတခု၏ ဖမ်းဆီးခေါ်ဆောင်ခြင်း ခံခဲ့ရသည်။ အမျိုးသမီးကိုယ်စားလှယ်လောင်းအများစုမှာ ပြိုင်ဘက်များနှင့် မဲဆွယ်စည်းရုံးစဉ် ထပ်တိုက် တွေ့မှုများကို ရှောင်ရှားနိုင်ခဲ့သော်လည်း အချို့မှာ ၎င်းတို့ ကိုယ်စားပြုသော ပါတီကြောင့် မလိုလား သူများ၏ ဂုဏ်သိက္ခာ ညှိုးနွမ်းစေရန် တိုက်ခိုက်ပြောဆိုခြင်းများ ကြုံတွေ့ရသည်။ တစ်သီးပုဂ္ဂလ အမျိုးသမီးကိုယ်စားလှယ်လောင်းများသည် ပါတီနောက်ခံမရှိသော်လည်း အချို့မှာ မူလပါတီမှ ခွဲထွက် ယှဉ်ပြိုင်ခြင်းကြောင့် မလိုလားသူများ၏ တိုက်ခိုက်ပြောဆိုခြင်းများ ကြုံတွေ့ခဲ့ရသည်။ အချို့အမျိုးသမီး များမှာ အွန်လိုင်းလူမှုကွန်ယက်များတွင် အဆိုးမြင် မှတ်ချက်များပေးခြင်း၊ ရုန့်ရင်းကြမ်းတမ်းသော မှတ်ချက်များပေးခြင်း၊ ၎င်းတို့၏ ရုပ်ရည်သွင်ပြင်ပေါ် ရိုင်းစိုင်းစွာ ဝေဖန်ပြောဆိုခြင်းများ ကြုံတွေ့ခဲ့ရသည်။

# အမျိုးသမီးကိုယ်စားလှယ်များနှင့် ရွေးကောက်ပွဲ စီမံခန့်ခွဲမှုများ

၂၀၂၀ ခုနှစ် နိုဝင်ဘာလ (၈) ရက်နေ့တွင် ကိုဗစ်စိန်ခေါ်မှုများကြားမှ ရွေးကောက်ပွဲများကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်။ သို့သော်လည်း ရွေးကောက်ပွဲအနီးတွင်မှ ပါတီဖျက်သိမ်းခြင်း၊ အချို့ဒေသများတွင် ရွေးကောက်ပွဲ ဖျက်သိမ်းခြင်းများ ပြုလုပ်ခဲ့သဖြင့် ထိုပါတီ၊ ထိုမဲဆန္ဒနယ်တွင် ယှဉ်ပြိုင်ရန် ပြင်ဆင်ထားသော အမျိုးသမီးကိုယ်စားလှယ်များစွာ နစ်နာခဲ့ရသည်။ ရွေးကောက်ပွဲကျင်းပရန် ရက် (၂၀) အလို အောက်တိုဘာလ ၁၇ ရက်တွင် စုစုပေါင်း ကိုယ်စားလှယ် (၁,၁၃၀) ဦးဖြင့် ယှဉ်ပြိုင်သည့် ဒုတိယအကြီးဆုံး ပါတီဖြစ်သည့် နှင်းဆီပါတီခေါ် ညီညွတ်သော ဒီမိုကရက်တစ်ပါတီအား ပါတီမှတ်ပုံတင်မှ ပယ်ဖျက်လိုက်၍ ထိုပါတီမှ ဝင်ရောက်ယှဉ်ပြိုင်သည့် အမျိုးသမီးကိုယ်စားလှယ်လောင်းပေါင်း (၁၉၆) ဦးမှာ ရွေးကောက်ခံ ပိုင်ခွင့် ဆုံးရှုံးခဲ့သည်။ ထို့အပြင် အောက်တိုဘာ ၁၆ ရက် နေ့တွင် လုံခြုံမှုမရှိဟူသော အကြောင်းပြချက်ဖြင့် ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်ရှိ မဲဆန္ဒနယ် (၅၄) နေရာအား ဖျက်သိမ်းခဲ့သဖြင့် ထိုမဲဆန္ဒနယ်များကို ကိုယ်စားပြု ယှဉ်ပြိုင်ရန် အမည်စာရင်းတင်သွင်းခဲ့သည့် အမျိုးသမီးကိုယ်စားလှယ်လောင်း (၆) ဦးတို့ သည် ရွေးကောက်ခံပိုင်ခွင့် ဆုံးရှုံးခဲ့သည်။ မွန်ပြည်နယ်နှင့် ပဲခူးကဲ့သို့သော အချို့ဒေသများတွင် မဲဆန္ဒနယ် တစ်ခုလုံးကို ဖျက်သိမ်းခြင်း မဟုတ်သော်လည်း ရွာအချို့ကို ဖျက်သိမ်းသောကြောင့် ရွာမဲများကို အဓိက ထား မဲဆွယ်စည်းရုံးခဲ့သော အမျိုးသမီးကိုယ်စားလှယ်လောင်းများအတွက် နစ်နာမှုများ ရှိခဲ့သည်။ ထိုအမျိုးသမီးကိုယ်စားလှယ်လောင်းတို့မှာ ရွေးကောက်ပွဲ မဲဆွယ်ကာလတွင် စည်းရုံးရေးဆင်းပြီး ဖြစ်သကဲ့သို့ မဲဆွယ်ကုန်ကျစရိတ်များလည်း ကျခံပြီးဖြစ်ကာ အခြားပါတီတစ်ခုမှ ပြန်လည်ရွေးကောက်ခံ ရန် (သို့မဟုတ်) အခြားမဲဆန္ဒနယ်တစ်ခုမှ ပြန်လည်ရွေးကောက်ခံရန်လည်း အချိန်နှောင်းသွားပြီဖြစ်၍ နစ်နာမှုများ ရှိခဲ့သည်။

ရွေးကောက်ပွဲစီမံခန့်ခွဲမှုများတွင် အားနည်းချက်များ၊ မရှင်းလင်းမှုများနှင့် မကိုက်ညီမှုများကြောင့် အမျိုးသမီးများကိုယ်စားလှယ်များ ကြုံတွေ့ရသည့် စိန်ခေါ်မှုများလည်း တစ်ဦးနှင့် တစ်ဦးမတူပေ။ ရွေးကောက်ပွဲ စီမံခန့်ခွဲမှု အားနည်းမှုများကြောင့် အထူးသဖြင့် ရွေးကောက်ပွဲမတိုင်မီတွင် ကိုယ်စားလှယ် လောင်းများ၏ မဲဆွယ်စည်းရုံးရေးတွင် အထောက်အကူဖြစ်စေမည့် ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက် အလက်များ (မဲပေးပိုင်ခွင့်ဦးရေ၊ နေရာ၊ မဲရုံစသည့်)ကို ကြိုတင်အချိန်မှီ ထုတ်မပေးနိုင်ခဲ့ပါ။ အထူးသဖြင့် ပြည်နယ်များရှိ စစ်ဘေးရှောင်ဒေသများတွင် မဲပေးပိုင်ခွင့်ရှိသူဦးရေ၊ မည်သည့်မဲရုံတွင် မဲပေးမည် စသည့် အချက်အလက်များ ကြိုတင်မသိရှိရသဖြင့် မဲပေးပိုင်ခွင့်ရှိသူ အမျိုးသမီးများသာမက ထိုဒေသရှိမဲဆန္ဒနယ် များကို ကိုယ်စားပြုဝင်ပြိုင်သည့် အမျိုးသမီးကိုယ်စားလှယ်လောင်းများအတွက်ပါ နစ်နာမှုများရှိခဲ့သည်။ ကြိုတင်မဲနှင့်ပတ်သက်၍လည်း ကြိုတင်မဲကောက်သည့် အချိန်များနှင့် နေရာများ ရှင်းလင်းစွာ မသိရှိရ ခြင်း၊ ကြိုတင်မဲကောက်သည့် အချိန်နှင့်ပတ်သက်၍ တင်ကြိုသိရှိမထားခြင်းများကြောင့်လည်း နစ်နာမှု များရှိခဲ့သည်။ အချို့မှာ ကြိုတင်မဲကောက်ယူနေစဉ်တွင် မဲဆွယ်ခွင့်ရခဲ့သော်လည်း အချို့မှာ ကြိုတင် မဲကောက်ယူနေသောကြောင့် မဲဆွယ်ခွင့် တားမြစ်ခံရသည်။ မဲဆွယ်ကာလတွင် အမျိုးသမီးကိုယ်စားလှယ် အချို့အား ရည်ရွယ်၍ တိုက်ခိုက်ပြောဆိုမှုများ၊ သိက္ခာချမှုများ၊ မဲဆွယ်ခရီးစဉ်တွင် လိုက်ပါနှောင့်ယှက်မှု များနှင့် ခြိမ်းခြောက်မှုများအား ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ထိရောက်စွာအရေးယူဆောင်ရွက်ခြင်း မပြုနိုင်သကဲ့သို့ ကာကွယ်မှုများလည်း မပေးနိုင်ခဲ့ပါ။ ရွေးကောက်ပွဲကော်မရှင်မှ ဖွဲ့စည်းထားသော ရွေးကောက်ပွဲလုံခြုံရေးနှင့် စေ့စပ်ညှိနှိုင်းရေးကော်မတီတို့တွင် အမျိုးသမီးပါဝင်ခန့်အပ်ရမည်ဟူသောမှု

ရှိထားသော်လည်း အမျိုးသမီးကိုယ်စားလှယ်များအတွက် ထိုကော်မတီများ၏ အသက်ဝင်ထိရောက်မှု အပေါ် မေးခွန်းထုတ်စရာ ဖြစ်ခဲ့သည်။[13]

ရွေးကောက်ပွဲနေ့တွင် မဲရုံမှူးများမှ လွှတ်တော်လွဲမှား၍ မဲပြားများထုတ်ပေးခြင်းများရှိခဲ့သည်။ ဥပမာ အမျိုးသားလွှတ်တော်အတွက် ပြည်သူ့လွှတ်တော်မဲပြားများ ထုတ်ပေးခြင်းဖြစ်သည်။[14] စာတမ်းတွင် ပါဝင်ခဲ့သည့် အမျိုးသမီးကိုယ်စားလှယ်အများစုမှာ ထိုလွဲမှားမှုများကြုံတွေ့ခဲ့ရသည်။ လျှို့ဝှက်မဲပေးစနစ် ကျင့်သုံးခြင်းကြောင့် အဆိုပါမဲပြားမှားယွင်းထုတ်ပေးမှုက အမှန်တကယ်မဲရလဒ်အပေါ် သက်ရောက်မှုအား ခန့်မှန်းရန် ခက်ခဲသော်လည်း ယခုစာတမ်းတွင်ပါဝင်ခဲ့သော ကိုယ်စားလှယ်အများစုမှာ ထိုအခြေအနေ ကြုံတွေ့ခဲ့ရသည်။ ပါတီကြီးမှ ဝင်ပြိုင်သော် အမျိုးသမီးကိုယ်စားလှယ်များအနေဖြင့် သက်ရောက်မှုမကြီးသော်လည်း တသီးပုဂ္ဂလကိုယ်စားလှယ်များအနေဖြင့် ၎င်းတို့၏ အမည်နာမနှင့် ရွေးချယ်ခံသည့် လွှတ်တော်အား တွဲလျက် လူထုအား မှတ်သားစေခဲ့သဖြင့် ထိုလွဲချော်မှုများကြောင့် ရမဲဆုံးရှုံးမှုများ ရှိခဲ့သည်။[15] အမျိုးသမီးကိုယ်စားလှယ် အများစုမှာ မဲရုံကိုယ်စားလှယ်များ မခန့်ထားနိုင်သောကြောင့် နောင်ရွေးကောက်ပွဲများတွင် ပြင်ဆင်နိုင်ရန် ကိုယ်စားလှယ်တစ်ဦးအတွက် အရေးကြီးသည့် အချက်အလက်များကို စုဆောင်းသိမ်းဆည်းထားနိုင်ခြင်းမရှိပါ။ ဥပမာ - ရွေးကောက်ပွဲနေ့တွင် သက်ဆိုင်ရာ မဲရုံမှ ရရှိသော ခိုင်လုံမဲ ၊ ပယ်မဲ အရေအတွက်နှင့် ပယ်မဲဖြစ်ရသည့် အမျိုးအစားပုံစံများသည် မဲဆန္ဒရှင် ပညာပေးလုပ်ငန်းများကို မည်သည့်နေရာတွင်၊ မည်သို့ ထပ်တိုးလုပ်ဆောင်ရမည်ဟူသော တွေ့ရှိမှုအတွက် အထောက်အကူဖြစ်သည်။ အလားတူ ရွေးကောက်ပွဲနေ့တွင် အငြင်းပွားမှု တစ်စုံတစ်ရာ ဖြစ်ပေါ်လာပါက မှတ်တမ်းသက်သေအထောက်ထားများ ယူထားမှသာလျှင် ရလဒ်နှင့် ပတ်သက်၍ မမျှတမမှန်ကန်မှုများ ရှိပါက စောဒကတက် တိုင်တန်းနိုင်မည်ဖြစ်သည်။ သို့သော် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီနှစ်ခုသာ မဲရုံအားလုံးတွင် ၎င်းတို့ ကိုယ်စားလှယ်များအတွက် မဲရုံ ကိုယ်စား လှယ်ထားရှိ နိုင်ခဲ့သည်။

အမျိုးသမီးကိုယ်စားလှယ်လောင်းများ မျှမျှတတရွေးချယ်ခံနိုင်ရန်မှာ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင် အသီးသီးနှင့် မဲရုံမှူးများ၏ လွတ်လပ်မှု၊ ပါတီစွဲကင်းရှင်းမှုနှင့် ဘက်လိုက်မှု ကင်းရှင်းရန်တို့ လိုအပ်သည်။ ရွေးကောက်ပွဲကော်မရှင် အဆင့်ဆင့်၏ ဖွဲ့စည်းမှုတွင် အထွေထွေအုပ်ချုပ်ရေး အပါအဝင် အစိုးရဌာနဝန်ထမ်းများ ပါဝင်ဖွဲ့စည်းထားပြီး အမျိုးသားပါဝင်လွှမ်းမိုးမှုများသည်။ အမျိုးသမီးကိုယ်စားလှယ်လောင်းများအား မဲပေးရန် မည်သို့ပင် မဲဆန္ဒရှင်ပညာပေး လှုံ့ဆော်မှုများ ရှိစေကာမူ အချို့ဒေသများတွင် ရပ်ကျေးလူကြီးများ (အများစု အမျိုးသားများ)မှာ မိမိကြိုက်နှစ်သက်သော ပါတီမှ ကိုယ်စားလှယ်များကို လူထုထောက်ခံရန် ဆွဲဆောင် သိမ်းသွင်းမှုများရှိသကဲ့သို့ မိမိမလိုလားသော ပါတီ/တသီးပုဂ္ဂလ ကိုယ်စားလှယ်လောင်းများအား လွတ်လပ်စွာ စည်းရုံးခွင့်မပြုခြင်း၊ မိမိလိုလားသော ပါတီ/တသီးပုဂ္ဂလ ကိုယ်စားလှယ်လောင်းများအတွက် ဦးဆောင်စည်းရုံးပေးခြင်းများရှိခဲ့သည်။ ထိုအခြေအနေမျိုးကြုံတွေ့ခဲ့ရသူကိုယ်စားလှယ်အချို့က ရွေးကောက်ပွဲများသည် မျှတမှုရှိရန် လိုအပ်ပြီး သို့မဟုတ်ပါက မည်သည့် အထောက်အပံ့များ ရရှိစေကာမူ အမျိုးသမီးကိုယ်စားလှယ်လောင်းများ ရွေးကောက်ခံရမည် မဟုတ်ဟု မှတ်ချက်ပြုသည်။

13 ရွေးကောက်ပွဲကော်မရှင်၏ ကျားမတန်းတူရေးနှင့် အမျိုးသမီးကဏ္ဍ မြှင့်တင်ရေးမူ

14 တစ်ဦးလျှင် လွှတ်တော်သုံးရပ်အတွက် မဲသုံးပြား ထည့်ရပြီး မဲဆန္ဒရှင်သည် တိုင်းရင်းသားရေးရာဝန်ကြီးအတွက် မဲပေးပိုင်ခွင့်ရှိသူဖြစ်ပြီး၊ မဲစာရင်းတွင် ပါပါက မဲပြားလေးပြား ထည့်ရသည်။

15 ရွေးကောက်ပွဲဝင်ရန် တသီးပုဂ္ဂလများအတွက် လိုဂိုတစ်ခု ဖန်တီးရန်လိုအပ်ပြီး နိုင်ငံရေးပါတီ လိုဂိုများ၊ ဆိုင်းဘုတ်များ ကဲ့သို့ သိသာထင်ရှား မှတ်မိမလွယ်သည့်အတွက် တသီးပုဂ္ဂလကိုယ်စားလှယ်များမှာ လွှတ်တော်နှင့် အမည်ကို အဓိက မှတ်မိစေရန် အလေးထားစည်းရုံးခြင်းများရှိသည်။

# အမျိုးသမီးကိုယ်စားလှယ်များနှင့် ခွဲခြားဆက်ဆံမှုများ

ယခုစာတမ်းတွင် ပါဝင်ဖြေဆိုခဲ့သည့် အမျိုးသမီးကိုယ်စားလှယ်လောင်းထက်ဝက်ကျော်သည် အမျိုးသမီး အရေး ဆိုရန်၊ အမျိုးသမီးများကို ကိုယ်စားပြုရန်၊ မဲဆန္ဒနယ်အတွင်းမှ အမျိုးသမီးများအတွက် ရှေ့ဆောင် လမ်းပြ အမျိုးသမီးခေါင်းဆောင်စံပြတစ်ဦး ဖြစ်စေရန် ရည်ရွယ်ချက်များနှင့် ဝင်ပြိုင်ခဲ့ကြခြင်း ဖြစ်သည်။ အမြင် ပွင့်လင်းသော နေရာဒေသ မဲဆန္ဒနယ်များတွင် အမျိုးသမီးကိုယ်စားလှယ်လောင်းများအပေါ် လက်ခံ အားပေးမှုများရှိသော်လည်း ရိုးရာယဉ်ကျေးမှုဓလေ့ အစဉ်အလာကြီးသော ရှေးရိုးစွဲဒေသများတွင် အမျိုးသမီး ကိုယ်စားလှယ်လောင်းများ၏ ဦးဆောင်နိုင်မှုအပေါ် မယုံကြည်မှု ရှိနေသေးသည်။ နိုင်ငံရေးခေါင်းဆောင်မှု အပေါ် လူထု၏ နားလည်လက်ခံမှုမှာ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ ဖြတ်သန်းခဲ့သည့် နိုင်ငံရေးသမိုင်း ကြောင်း၊ နိုင်ငံအတွက် ပေးဆပ်အနစ်နာခံမှုများနှင့် ဒွန်တွဲနေသည်။ ဒီမိုကရေစီရေး လှုပ်ရှားမှုများတွင် ပါဝင် ရုန်းကန်ခဲ့သူများအား နိုင်ငံရေး သမိုင်းကြောင်းရှိသူ၊ နိုင်ငံရေးသမား၊ ခေါင်းဆောင်အဖြစ်ဟု နားလည် လက်ခံမှုများရှိသည်။

၂၀၂၀ အထွေထွေ ရွေးကောက်ပွဲဝင် အမျိုးသမီးကိုယ်စားလှယ်လောင်းအချို့သည် ၎င်းတို့၏ အရည်အချင်း နှင့် အတွေ့အကြုံထက် တက်ကြွလှုပ်ရှားနိုင်ငံရေးသမိုင်းကြောင်း မရှိသည့်အပေါ်တွင် အဓိကဝေဖန် တိုင်းတာခံခဲ့ရသည်။ နိုင်ငံတကာအဖွဲ့အစည်းများတွင် လုပ်ကိုင်ခဲ့သည့် အမျိုးသမီးကိုယ်စားလှယ်လောင်း တစ်ဦးအား နောက်ကွယ်တွင် ဒေါ်လာစားဟုခေါ်၍ နိုင်ငံရေးပေးဆပ်မှုမရှိသူဟု သွယ်ဝိုက်ခွဲခြားဆက်ဆံခဲ့ သည်။ ရွေးကောက်ပွဲ ရလဒ်များကို ကြည့်လျှင်လည်း နိုင်ငံရေးနောက်ခံ (တက်ကြွလှုပ်ရှားမှု) မရှိသူ အရည်အချင်းရှိ အမျိုးသမီးကိုယ်စားလှယ်လောင်းများထက် နိုင်ငံရေးတွင်ပေးဆပ်ဖူးသူ (တနည်း နိုင်ငံရေး အကျဉ်းသားဖြစ်ခဲ့ဖူးသူ) အမျိုးသား ကိုယ်စားလှယ်လောင်းများက ပိုမိုရွေးကောက်ခံရသည်ကို တွေ့မြင် နိုင်သည်။ ထို့အပြင် လူထု၏ နိုင်ငံရေးအပေါ် နားလည်ခွဲခြားမှုတွင် အမျိုးသမီးနှင့် နိုင်ငံရေး မဆိုင်ဟူသော အမြင်ရှိသကဲ့သို့ အသက်အရွယ်နှင့်လည်း တိုင်းတာခွဲခြားသည်။ အသက်ငယ်ရွယ်သူ အမျိုးသမီး ကိုယ်စားလှယ်လောင်း တစ်ဦးသည် ၎င်းအားမဲပေးရန်မှာ ငါးနှစ် စောနေသေးသည်ဟု ပြောဆိုခံရသည်။ ရွေးကောက်ပွဲ ရလဒ်များအရလည်း အသက်ငယ်ရွယ်သူ အမျိုးသမီးများထက် အသက်ကြီးသူ အမျိုးသား များ ပိုမိုရွေးကောက်ခံ ရသည်မှာ တွေ့မြင်နိုင်သည်။

တဖက်တွင် နိုင်ငံရေးပါတီများသည် အထက်အောက်ဆက်ဆံရေးနှင့် ဖိုဝါဒီ ကြီးစိုးမှုကို အသက်သွင်းသည့် ယန္တရားများ ဖြစ်နေသည်။ နိုင်ငံရေးပါတီအများစု၏ ရွေးကောက်ပွဲကြေညာစာတမ်းတွင် အမျိုးသမီးများကို ကာကွယ် စောင့်ရှောက်မည်ဟူသော ကတိကဝတ်များပါရှိပြီး အမျိုးသမီးများသည် အမျိုး၊ ဘာသာ၊ သာသနာကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရမည့်သူများ ဖြစ်သည်ဟူသော လူမှုသတ်မှတ်ချက်များကို မူရေးဆွဲ၍ ဖိုဝါဒီကြီးစိုးမှုကို အခိုင်အမာ ပြန်လည်အသက်သွင်းထားသည်။ ရွေးကောက်ပွဲတွင် နိုင်ငံရေး ပါတီအချို့မှ အမျိုးသမီးများကို ဦးစားပေး ရွေးချယ်ရန် မူအားဖြင့် ရှိခဲ့သော်လည်း လက်တွေ့တွင် လိုက်နာရန် အားနည်းခဲ့သည်။ ၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် အမျိုးသမီး တစ်သီးပုဂ္ဂလကိုယ်စားလှယ်များရ သည့် အကြောင်းရင်းတစ်ခုမှာ သက်ဆိုင်ရာ ပါတီများက အမျိုးသားများကို ဦးစားပေး ရွေးချယ်ခဲ့ခြင်းနှင့်

ဆက်စပ်နေသည်။ “ပါတီအဖွဲ့ဝင် သက်တမ်းလည်းကြာ အရည်အချင်းလည်း တူသော်လည်း အမျိုးသား ပါတီဝင်တစ်ဦးကိုပဲ မြို့နယ်က ရွေးချယ်အတည်ပြုလိုက်သည်” ဟု တစ်သီးပုဂ္ဂလအဖြစ် ယှဉ်ပြိုင်ခဲ့သူ အမျိုးသမီးကိုယ်စားလှယ်လောင်းတစ်ဦးက ပြော သည်။[16] အခြားတစ်သီးပုဂ္ဂလ အမျိုးသမီးကိုယ်စားလှယ် လောင်းတစ်ဦးမှာ “ပါတီဒုဥက္ကဋ္ဌဖြစ်သူ ယှဉ်ပြိုင်မည့် မဲဆန္ဒနယ်တွင် ကိုယ်စားလှယ်လောင်း လျှောက်လွှာ တင်မိသဖြင့် ရွေးချယ်မခံခဲ့ရ” ဟုဆိုသည်။[17] ရွေးကောက်ပွဲတွင် ယှဉ်ပြိုင်ခဲ့သည့် ကိုယ်စားလှယ်လောင်း စာရင်းများအရ အစိုးရပါတီ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် အမျိုးသမီးကိုယ်စားလှယ် (၂၀) ရာခိုင်နှုန်း နှင့် အတိုက်အခံပါတီ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီတွင် အမျိုးသမီးကိုယ်စားလှယ် (၁၀) ရာခိုင်နှုန်းသာ ပါဝင်ခဲ့သည်။ ပါတီကိုယ်စားလှယ်တဦးက “၎င်းတို့ပါတီ အခြေစိုက်ရာ ဒေသတွင် အမျိုးသမီး များအား ခွဲခြားဆက်ဆံမှုကြီးမားပြီး၊ အမျိုးသမီးကိုယ်စားပြုမှု မြှင့်ဖို့ဆိုလျှင် အထူးအစီမံများ မဖြစ်မနေ ချမှတ်အကောင်အထည်ဖော်ရန် လိုအပ်သည်” ဟု ဆိုသည်။[18]

> **ပါတီအဖွဲ့ဝင်**
> **သက်တမ်းလည်းကြာ**
> **အရည်အချင်းလည်းတူ**
> **သော်လည်း အမျိုးသား**
> **ပါတီဝင်တစ်ဦးကိုပဲ**
> **မြို့နယ်က ရွေးချယ်**
> **အတည်ပြုလိုက်သည်။**

> **ပါတီဥက္ကဋ္ဌဖြစ်သူ**
> **ယှဉ်ပြိုင်မည့်**
> **မဲဆန္ဒနယ်တွင်**
> **ကိုယ်စားလှယ်လောင်း**
> **လျှောက်လွှာတင်မိသဖြင့်**
> **ရွေးချယ်မခံခဲ့ရ။**

16 အင်တာဗျူး၊ ၅ ဒီဇင်ဘာ ၂၀၂၀။

17 အင်တာဗျူး၊ ၁၉ ဒီဇင်ဘာ ၂၀၂၀။

18 အင်တာဗျူး၊ ၁၅ ဒီဇင်ဘာ ၂၀၂၀။

# အမျိုးသမီးကိုယ်စားလှယ်များနှင့် အမျိုးသမီးအဖွဲ့အစည်းများ

၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အမျိုးသမီးကိုယ်စားလှယ်လောင်းများမှာ ၂၀၁၅ ရွေးကောက်ပွဲ နှင့် နှိုင်းယှဉ်ပါက ပံ့ပိုးမှုများ ပိုမိုရရှိခဲ့သည်။ သမားရိုးကျ သတင်းမီဒီယာများနှင့် လူမှုကွန်ယက်များမှတဆင့် လူထုသို့ သတင်းအချက်အလက် ပေးပို့နိုင်သည့် အခွင့်အလမ်းများ ရှိခဲ့သည်။ အင်တာဗျူး အစီအစဉ်များ၊ မိတ်ဆက် အစီအစဉ်များ၊ ကိုယ်စားလှယ်လောင်းနှင့် အပတ်စဉ် ပုံမှန်ဆွေးနွေးခြင်း အစီအစဉ်များ၊ စကားဝိုင်းဆွေးနွေးပွဲများမှတဆင့် အချို့အမျိုးသမီးကိုယ်စားလှယ်လောင်းများသည် လူသိများ ထင်ပေါ်ကျော်ကြားခဲ့သည်။ တစ်ဖက်တွင်လည်း အမျိုးသမီးအဖွဲ့အစည်းများမှ ဖျော်ဖြေရေးများ၊ ထိရောက်သည့် သတင်းစကားများ၊ ဓာတ်လမ်းဓာတ်ကောင်များ ဖန်တီး၍ မဲဆန္ဒရှင် ပညာပေးလုပ်ငန်းများနှင့် အမျိုးသမီးကိုယ်စားလှယ်လောင်းများကို ရွေးချယ်မဲပေးရန် တိုက်တွန်းလှုံ့ဆော်မှုများ လုပ်ဆောင်ခဲ့သည်။ တိုက်ရိုက်ကူညီမှုများအနေဖြင့် အမျိုးသမီးကိုယ်စားလှယ်လောင်းအချို့အတွက် T-shirt များ၊ Hand gel များ ပံ့ပိုးပေးခြင်း၊ ကိုယ်စားလှယ် မှတ်ပုံတင်ကြေးများ ထည့်ဝင်ပေးခြင်းစသည့် ကူညီပံ့ပိုးမှုအချို့ ရှိခဲ့သည်။ အမျိုးသမီးကိုယ်စားလှယ် အနည်းငယ်မှာ မဲဆွယ်စည်းရုံးရန်နှင့် ရုံးပိုင်းဆိုင်ရာများအတွက် ကူညီပေးသည့် စေတနာ့ဝန်ထမ်းများ ရှိခဲ့သည်။

အင်တာဗျူးတွင် ပါဝင်ဖြေဆိုခဲ့သော အမျိုးသမီးကိုယ်စားလှယ်လောင်း အများစုမှာ နိုင်ငံရေးသင်တန်းများ တက်ရောက်ခဲ့ဖူးသူ၊ နိုင်ငံရေးနှင့် နီးစပ်သူများဖြစ်ပြီး နောက်ဆုံးတွင် ရွေးကောက်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် အားပေးတိုက်တွန်းခံရသူများဖြစ်သည်။ အမျိုးသမီးအရေးဆောင်ရွက်ရန် ရည်ရွယ်ချက်များနှင့် အမျိုးသမီးများ ရွေးကောက်ပွဲဝင်ရန် စိတ်အားထက်သန်လာခြင်းသည် နှစ်ပေါင်းများစွာ အမျိုးသမီးများ စွမ်းရည်မြှင့်မားရေးကို အားစိုက်ပြုလုပ်ခဲ့သော၊ ကျား၊မတန်းတူ ညီမျှရေးနှင့် လိင်အခြေပြုခွဲခြားဆက်ဆံမှုများ ဖိနှိပ်မှုများဆိုင်ရာ သဘောတရားများကို ရှင်းလင်းဖြန့်ကျက်ခဲ့သော အမျိုးသမီးအဖွဲ့အစည်းများ၏ ရလဒ်အသီးအပွင့်များဟု ဆိုနိုင်သည်။ ယှဥ်ပြိုင်မှုပြင်းထန်သော စိန်ခေါ်မှုများသော ရွေးကောက်ပွဲဖြစ်သောကြောင့် စိတ်ပိုင်းဆိုင်ရာ အကျိုးဆက်များရှိသော်လည်း အမျိုးသမီးအဖွဲ့စည်းများထံမှ အားပေးမှု၊ ဂုဏ်ပြုမှုတို့သည် အလွန်အထောက်ကူပြုသည်ဟုဆိုသည်။ ရွေးကောက်ပွဲကာလတွင် တိုက်ရိုက် (သို့) သွယ်ဝိုက်ရရှိသည့် ပံ့ပိုးမှုများအပြင် အမျိုးသမီးအဖွဲ့အစည်းတချို့၏ တရားဝင်ထုတ်ဖော် ထောက်ခံအားပေးမှု (endorsement) ကြောင့် နိုင်ငံရေးဂုဏ်သိက္ခာတက်ရသည်ဟု အမျိုးသမီးကိုယ်စားလှယ်အချို့က ဆိုသည်။

သို့သော် ဒေသခံအဖွဲ့အစည်း သို့မဟုတ် အမျိုးသမီးအဖွဲ့အစည်းများထံမှ မည်သည့်တိုက်ရိုက်အကူအညီမှ မရရှိခဲ့သည့် အမျိုးသမီးကိုယ်စားလှယ်လောင်းများစွာလည်း ရှိသည်။ အများစုမှာ ၎င်းတို့ ယှဉ်ပြိုင်သည့် မဲဆန္ဒနယ် (သို့မဟုတ်) ဒေသတွင် အမျိုးသမီးအဖွဲ့အစည်းများ အားမကောင်းခြင်း၊ အမျိုးသမီးအဖွဲ့အစည်းများ မရှိခြင်းကြောင့်ဖြစ်သည်။ အချို့ဖြစ်စဉ်များတွင် အမျိုးသမီးအဖွဲ့အစည်းများရှိသော်လည်း ၎င်းတို့မှာ ပါတီနှင့်ဆက်စပ်မှုရှိသော အဖွဲ့အစည်း သို့မဟုတ် ၎င်းတို့ လိုလားနှစ်သက် ထောက်ခံဝန်းရံလိုသည့် ပါတီရှိခြင်းကြောင့် ကျား၊မဖြစ်ခြင်းအပေါ် ဦးစားမပေးဘဲ မိမိတို့ ကြိုက်နှစ်သက်ရာ ပါတီ၏ ကိုယ်စားလှယ်များကိုသာ ပံ့ပိုးခဲ့ခြင်းများရှိသည်။ အမျိုးသမီးအဖွဲ့အစည်းများအနေဖြင့်လည်း အမျိုးသမီးကိုယ်စားလှယ်လောင်းများစွာရှိသည့်အနက် ဦးစားပေး အဆင့်သတ်မှတ်ချက်များနှင့် ကိုက်ညီသူများကို သတ်မှတ်ရွေးချယ် ပံ့ပိုး

ပေးခဲ့သည်။ များသောအားဖြင့် တိုက်ရိုက် ကူညီမှုရရှိခဲ့သော ကိုယ်စားလှယ်အများစုမှာ အဆိုပါ ပံ့ပိုးကူညီသည့် အမျိုးသမီးအဖွဲ့အစည်းများနှင့် သင်တန်းများ၊ ဆွေးနွေးမှုများ၊ ဖိုရမ်များမှတဆင့် ဆက်ဆံရေးတည်ဆောက်ထားပြီးသူများ ဖြစ်သည်ကို တွေ့ရသည်။ အမျိုးသမီးအဖွဲ့အစည်းတခုက နိုင်နိုင်ခြေရှိသည့် အမျိုးသမီးကိုယ်စားလှယ်လောင်းများကို ဦးစားပေးရွေးချယ် ပံ့ပိုးပေးသည်ဟုလည်း သိရသည်။

နိုင်ငံရေးတွင် အမျိုးသမီးကိုယ်စားပြုမှု မြင့်တက်လာရန်ဆိုလျှင် ရွေးကောက်ပွဲတွင် အနိုင်မရရှိခဲ့သူ ကိုယ်စားလှယ်များ အနေဖြင့် အမျိုးသမီးအဖွဲ့အစည်းများနှင့် ဆက်လက်လက်တွဲ၍ ပြင်ဆင်မှုများ လိုအပ်သကဲ့သို့ "ရွေးကောက်ခံခဲ့ရသူ လွှတ်တော်ကိုယ်စားလှယ်များအတွက် ရွေးကောက်ပွဲအလွန် ဥပဒေဆိုင်ရာနှင့် လွှတ်တော်ရေးရာများနှင့်ပတ်သက်၍ ဆက်လက်ပံ့ပိုးပေးရန် လိုအပ်သည်" ဟု အမျိုးသမီးကိုယ်စားလှယ်လောင်းတစ်ဦးက ဆိုသည်။[19] ထို့အပြင် အပိုင်း (စ) တွင် ဆွေးနွေးခဲ့သကဲ့သို့ အချို့ ဒေသများတွင် အမျိုးသမီးကိုယ်စားလှယ်လောင်း များမှာ လူ့အဖွဲ့အစည်း၏ ထောက်ခံမှု၊ လေးစားမှုနှင့် ယုံကြည်မှုတို့ အပြည့်အဝမရရှိသေးဘဲ နိုင်ငံရေးအတွေ့ အကြုံနှင့် အသက်အရွယ်အပေါ် အခြေခံ ခွဲခြားမှုများ ဆက်လက်ကြုံတွေ့နေရဆဲ ဖြစ်သည့်အတွက် အမျိုးသမီးစွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ ကျားမတန်းတူရေးနှင့် လိင်အခြေပြု ခွဲခြားဖိနှိပ်ခြင်းဆိုင်ရာ အတွေးအခေါ်များအား လူ့အဖွဲ့အစည်း အလွှာအသီးသီးတွင် ဆက်လက်အားထုတ်မျှဝေပေးရန် လိုအပ်နေသေးသည်ဟု ကိုယ်စားလှယ်များ လက်ခံထားကြသည်။

19 အင်တာဗျူး၊ ၁၈ ဒီဇင်ဘာ ၂၀၂၀။

# အကြံပြုချက်များ

## ၁။ ရွေးကောက်ပွဲဆိုင်ရာ အဖွဲ့အစည်းများနှင့် အဖွဲ့အစည်းမူဘောင်များ

### က။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဖွဲ့စည်းပုံ

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အား သမ္မတမှ ဖွဲ့စည်းပြီး ကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် အနည်းဆုံး (၅)ဦး ခန့်အပ်သည်။ ထိုကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင်များကို လိုအပ်သလို ဆက်လက်ခန့်အပ်ပြီး ၂၀၁၅ မှ ၂၀၂၀ သက်တမ်းအတွက် ကော်မရှင်အဖွဲ့ဝင် (၁၅) ဦးတွင် အမျိုးသမီး မပါဝင်ခဲ့ပေ။ ကော်မရှင်အဖွဲ့ဝင်ဖြစ်ရန် အရည်အချင်းသတ်မှတ်ချက်များတွင် "ကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်သည် အသက် (၅၀)နှစ် ပြည့်ပြီးသူများ ဖြစ်ရမည်၊ ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော် တရားသူကြီးအဖြစ် ဖြစ်စေ၊ အလားတူ ရာထူးတာဝန် တခုခုတွင်ဖြစ်စေ အနည်းဆုံး ငါးနှစ်ဆောင်ရွက်ခဲ့သူ ဖြစ်ရန် သို့မဟုတ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အဆင့်ထက်မနိမ့်သော တရားရေးအရာရှိ သို့မဟုတ် ဥပဒေအရာရှိ ရာထူးတွင် အနည်းဆုံး ၁၀ နှစ် တာဝန်ထမ်းဆောင်ခဲ့သူ ဖြစ်ရမည် သို့မဟုတ်၊ တရားလွှတ်တော် ရှေ့နေအဖြစ် အနည်းဆုံး ၂၀ နှစ် အမှုလိုက်ပါ ဆောင်ရွက်ခဲ့သူဖြစ်ရမည် သို့မဟုတ်၊ ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ပုဂ္ဂိုလ်အဖြစ် နိုင်ငံတော်သမ္မတက ယူဆသူ ဖြစ်ရမည်" ဟုပါရှိသည်။[20] အသက်အရွယ်နှင့် တရားရေးဌာနဆိုင်ရာများတွင် လုပ်ကိုင်ခဲ့သည့် လုပ်ငန်း အတွေ့အကြုံနှစ်ရပ်စလုံး ပြည့်မီရန်မှာ နည်းပါးသောကြောင့် အထူးသဖြင့် လူ့အဖွဲ့စည်းအတွင်းခွဲခြား အလေးပေးဆက်ဆံမှုများကြောင့် အမျိုးသမီးများနှင့် လူမျိုး၊ ဘာသာ၊ မသန်စွမ်း၊ လိင်ဝိသေသ ကွဲပြားသူ လူနည်းစုများ၏ ရွေးကောက်ပွဲကော်မရှင်များတွင် ပါဝင်ခွင့်မှာ မဖြစ်နိုင်သကဲ့သို့ ရှိနေသည်။ အနိုင်ရ ပါတီမှ ရွေးကောက်သည့် သမ္မတမှခန့်အပ်သည့် ရွေးကောက်ပွဲကော်မရှင်ဖြစ်သည့်အလျောက် ဖွဲ့စည်း တည်ဆောက်ပုံအရ လွတ်လပ်သည့် ကော်မရှင် မဖြစ်သည့်အပြင် ရွေးကောက်ပွဲကော်မရှင် အဆင့်ဆင့်တွင် အထွေထွေအုပ်ချုပ်ရေးအပါအဝင် အစိုးရဌာနများ ပေါင်းစပ်ပါဝင်နေသောကြောင့် ကော်မရှင်အဆင့်ဆင့် တွင် အမျိုးသားပါဝင်မှုများပြားသည်။ အမျိုးသမီးများ၏ နိုင်ငံရေးကိုယ်စားပြုမှုအား မြှင့်တင်ရန်ဆိုလျှင် ရွေးကောက်ပွဲ ကော်မရှင်သည် လွတ်လပ်၍ အမှီခိုကင်းသော ကော်မရှင် ဖြစ်ရန်သာမက ကျားမမျှတသော အဖွဲ့စည်းအဖြစ် ပြုပြင်ပြောင်းလဲရန် လိုအပ်ပါသည်။

### ခ။ ရွေးကောက်ပွဲကော်မရှင်၏ ကျား၊ မတန်းတူရေးရာမူဝါဒ

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် ကျား၊မ တန်းတူညီမျှရေးနှင့် အမျိုးသမီးများကဏ္ဍ မြှင့်တင်ရေး ဆိုင်ရာ မူဝါဒတစ်ရပ်အား မဟာဗျူဟာစီမံကိန်းတစ်ရပ်အဖြစ် ရေးဆွဲထားသည်။ သို့သော် ထိုမူဝါဒသည် ကိုတာစနစ်၊ နိုင်ငံရေးပါတီတွင် မဖြစ်မနေပါဝင်ယှဉ်ပြိုင်စေရမည့် အနည်းဆုံးအမျိုးသမီးရာခိုင်နှုန်း သတ်မှတ်ချက် ကဲ့သို့ သော အထူးအစီစဉ်များ ချမှတ်ခြင်းမဟုတ်ပေ။ ၎င်းမူဝါဒမှာ ရွေးကောက်ပွဲဖြစ်စဉ်၏ လုပ်ငန်းစဉ် အသီးသီးတွင် ၁) အမျိုးသမီးပါဝင်မှုအရေအတွက် မြှင့်တင်ခြင်း၊ ၂) ကျား၊မ တန်းတူညီမျှရေး

20 ရွေးကောက်ပွဲကော်မရှင်ဥပဒေ၊ အခန်း (၂) အပိုဒ် ၅။

ဆိုင်ရာ သဘောတရားများ ထည့်သွင်းသင်ကြားမှုဝေပေးခြင်း၊ ၃) မဲဆန္ဒရှင် အမျိုးသမီးများ၏ ပါဝင်မှုနှင့် အမျိုးသမီး ကိုယ်စားလှယ်လောင်းများအပေါ် အားပေးထောက်ခံမှုတို့အတွက် လှုံ့ဆော်မှုများ ဆောင်ရွက်ခြင်းတို့ဖြင့်သာ ချဉ်းကပ်ထားသည်။ အမျိုးသမီးများ၏ နိုင်ငံရေးကိုယ်စားပြုမှုအတွက် ရွေးကောက်ပွဲအလွန်ကာလတွင် ဥပဒေ၊ နည်းဥပဒေများကိုပြင်ဆင်ရန် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆွေးနွေးမည်ဟု မူဝါဒတွင် ပါရှိသော်လည်း ထိုလုပ်ငန်းစဉ်မှာ ပြုပြင်ပြောင်းလဲမှုများ အမှန်တကယ် အကောင်အထည်ဖော်ရေးနှင့် အသက်ဝင်ရန် ကြာမြင့်မည့် အချိန်ကာလတို့ကို အာမ မခံနိုင်ပေ။ ဥပမာ - အမျိုးသမီးလွှတ်တော် ကိုယ်စားလှယ်လောင်းများ လုံခြုံရန်၊ လူမှုကွန်ယက်တွင် အမျိုးသမီးကိုယ်စားလှယ်လောင်းများအား ရည်ရွယ်တိုက်ခိုက်သည့် အမုန်းစကားများနှင့် အနှောင့်အယှက်များကို ဟန့်တားရန်နှင့် အသိပညာပေးရန်၊ ရွေးကောက်ပွဲစေ့စပ်ညှိနှိုင်းရေး ကော်မတီများတွင် အမျိုးသမီးအဖွဲ့ဝင်များ ပါဝင်ဖွဲ့စည်းရန် စသည်တို့အား ကော်မရှင်၏ ကျား၊မ တန်းတူရေးရာ မူဝါဒတွင် ထည့်သွင်းရေးဆွဲခဲ့သော်လည်း အမျိုးသမီးကိုယ်စားလှယ်များမှာ အဆိုပါယန္တယားများ အားမသိရှိ၍သော်လည်းကောင်း အသုံးမချခဲ့ပါ။ ထို့အပြင် ကျားမရေးရာမူဝါဒရှိသော်လည်း ၂၀၁၉ ခုနှစ်တွင် ရွေးကောက်ပွဲကော်မရှင်ပြင်ဆင်ခဲ့သော နည်းဥပဒေများတွင် အမျိုးသမီးကိုယ်စားပြုမှုအပေါ် အထောက်အကူဖြစ်သော ပြင်ဆင်ချက်များ မပါဝင်ခဲ့ပေ။ အမျိုးသမီးများ၏ နိုင်ငံရေးကိုယ်စားပြုမှု မြှင့်တင်ရန်ဆိုလျှင် ရွေးကောက်ပွဲကော်မရှင်၏ ကျား၊မတန်းတူရေးဆိုင်ရာ မူဝါဒကိုလည်း ပြန်လည်သုံးသပ်ရေးဆွဲရန် လိုအပ်ပါသည်။

## ၈။ ရွေးကောက်ပွဲစနစ်

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျင့်သုံးနေသော ရွေးကောက်ပွဲစနစ်မှာ မဲဆန္ဒနယ် တစ်ခုတွင် မဲအများဆုံးရသူတစ်ဦးသာ အနိုင်ရရှိသည့် တစ်မဲသာအနိုင်ရစနစ် Winner takes all Single member majoritarian system (တနည်း FPTP စနစ်) ဖြစ်သည်။ မဲဆန္ဒနယ် နယ်မြေခွဲဝေမှုများမှာလည်း လူဦးရေအပေါ် အခြေမခံဘဲ မြို့နယ်အပေါ် အခြေခံသတ်မှတ်သောကြောင့်ဖြစ်ပေါ်နေသော ကိုယ်စားပြုမှုပါဝါ မညီမျှမှုများသည် တစ်မဲသာ အနိုင်ရစနစ်နှင့် ပေါင်းစပ်ကျင့်သုံးသောအခါ လူနည်းစုများ၏ ရွေးကောက်ခံခွင့်၊ နိုင်ငံရေးကိုယ်စားပြုခွင့်အပေါ် မမြင်ရသည့် အကန့်အသတ်များဖြစ်ပေါ်လာသည်။ အထူးသဖြင့် လူမျိုးအခြေခံဖွဲ့စည်းသော လူနည်းစု တိုင်းရင်းသားပါတီများအတွက် လက်ရှိ ရွေးကောက်ပွဲစနစ်နှင့် မဲဆန္ဒနယ် နယ်မြေခွဲဝေ သတ်မှတ်ပုံအရ မည်သို့ ယှဉ်ပြိုင်သည်ဖြစ်စေ အနိုင်မရနိုင်သည့် အခြေအနေဖြစ်လာသည်။ ဥပမာ - မြို့လူမျိုး ကိုယ်စားပြုယှဉ်ပြိုင်သော အမျိုးသမီးကိုယ်စားလှယ်လောင်း တစ်ဦးသည် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် တစ်နယ်တွင် အနိုင်ရရှိရန် မဲပေါင်း သောင်းကျော် လိုအပ်သော်လည်း ထိုမဲဆန္ဒနယ်တွင် စုစည်းနေထိုင်သည့် မြို့လူဦးရေမှာ (၃၀၀၀) ဝန်းကျင်သာ ရှိသည်။ အပြင် လူဦးရေ ပြန့်ကျဲ နေထိုင်မှုများကြောင့် လူဦးရေ အတန်အသင့်ရှိသော တိုင်းရင်းသားပါတီများမှ အမျိုးသမီးကိုယ်စားလှယ်လောင်းများမှာလည်း အလားတူ ရွေးကောက်ခံနိုင်ခွင့် အလားအလာနည်းပါးမှုများ ကြုံတွေ့ရသည်။


“ပါတီကြီးအား ကိုယ်စားပြု၍ ယှဉ်ပြိုင်မှ အနိုင်ရမည်ဆိုလျှင်၊ စနစ်အပေါ် စိတ်ပျက်စိတ်ကုန် ဖြစ်လာမည်” ဟု ရွေးကောက်ပွဲစနစ်နှင့် စီမံခန့်ခွဲမှုများနှင့်ပတ်သက်၍ အမျိုးသမီးကိုယ်စားလှယ်လောင်း တစ်ဦးက မှတ်ချက်ပြုသည်။[21] တစ်မဲသာ အနိုင်ရစနစ်နှင့် မဲဆန္ဒနယ်တစ်ခုတွင် တစ်ဦးသာ ရွေးကောက်သည့် စနစ်၏ အခြားအားနည်းချက် တစ်ခုမှာ အမျိုးသမီးကိုယ်စားလှယ်လောင်းများ မည်မျှပင် ဝင်ရောက်ယှဉ်ပြိုင်စေကာမူ ၎င်းတို့မှာ မဲဆန္ဒနယ် အားလုံးတွင် ဖြန့်ကျက်ယှဉ်ပြိုင်ခြင်း မဟုတ်ဘဲ ယှဉ်ပြိုင်သည့် မဲဆန္ဒနယ်ထပ်နေပါက ထိုထပ်နေသည့် နေရာများတွင် အမျိုးသမီးများ၏ နိုင်ငံရေးကိုယ်စားပြုမှု အခွင့်အလမ်း အလားအလာများ ဆုံးရှုံးသွားသည်။ ဥပမာ - ကယားပြည်နယ် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ် (၂) တွင် ဝင်ရောက်ယှဉ်ပြိုင်သည့် အမျိုးသမီးကိုယ်စားလှယ်လောင်း (၄) ဦး ရှိခဲ့ပြီး ရွေးကောက်ပွဲစနစ်အရ ၎င်းတို့အနက်မှ တစ်ဦးသာရွေးချယ်ခံရမည်ဖြစ်ပြီး ကျန် (၃) ဦး၏ ရရှိခဲ့သော မဲများမှာ အလဟဿ ဆုံးရှုံးသွားမည်ဖြစ်သည်။

---

21 အင်တာဗျူး၊ ၂၉ ဒီဇင်ဘာ ၂၀၂၀။

ထို့ကြောင့် ၂၀၂၀ အထွေထွေ ရွေးကောက်ပွဲတွင် မဲဆန္ဒနယ်စုစုပေါင်း (၁,၁၀၄) နယ်တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော အမျိုးသမီးကိုယ်စားလှယ်လောင်းပေါင်းမှာ (၉၀၇) ယောက်ရှိသော်လည်း မဲဆန္ဒနယ်ပေါင်း (၂၀၀) ကျော်တွင် အမျိုးသမီးနှစ်ယောက် သို့မဟုတ် နှစ်ယောက်ထက် ပို၍ ပါဝင်ယှဉ်ပြိုင်ခဲ့သောကြောင့် အမှန်တကယ် အမျိုးသမီးကိုယ်စားလှယ်တစ်ဦး ရွေးကောက်ခံရနိုင်ခြေရှိသည့် အမြင့်ဆုံး မဲဆန္ဒနယ်အရေအတွက်မှာ (၅၂၅) ခုသာဖြစ်ပြီး ရာခိုင်နှုန်းအားဖြင့် (၄၇) ရာခိုင်နှုန်းသာ ရှိသည်။

**ပုံ (၁) ရွေးကောက်ပွဲစနစ်အရ အမြင့်ဆုံးအနိုင်ရနိုင်သည့် အရေအတွက်ပြဇယား**




အဆိုပါအခြေနေတွင် အမျိုးသမီးများ နိုင်ငံရေးတွင် ပါဝင်နိုင်ရန်နှင့် အမျိုးသမီးကိုယ်စားပြုမှုများ တိုးတက်လာရန်မှာ ရွေးကောက်ပွဲစနစ် ပြန်လည်သုံးသပ်ခြင်း၊ ပါတီမှ အမျိုးသမီးကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းမှု များပြားလာရန် အနည်းဆုံး အမျိုးသမီးပါဝင်ခွင့် သတ်မှတ်ခြင်းကဲ့သို့ မူများ ချမှတ်ဆောင်ရွက်ခြင်း၊ လွှတ်တော်ကိုယ်စားလှယ်နေရာများအား အမျိုးသမီးကိုယ်စားလှယ်များအတွက် နေရာအရေအတွက်ကို အတိအကျ သတ်မှတ်ပေးခြင်းစသည့် အထူးအစီစဉ်များ ချမှတ်ဆောင်ရွက်ရန် လိုအပ်ပါသည်။ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) အနေဖြင့် အချိုးကျ ကိုယ်စားပြုသည့် ရွေးကောက်ပွဲစနစ်တစ်ခုနှင့် ယာယီအထူးအစီစဉ်ဖြင့် အမျိုးသမီး ၃၀ ရာခိုင်နှုန်း ကိုတာစနစ်ကို ကျင့်သုံးရန် တစိုက်မတ်မတ်တိုက်တွန်း အဆိုပြုထားသည်။[22]

# ၂။ နိုင်ငံရေးပါတီများ

လက်ရှိတွင် တရားဝင်သတ်မှတ်ထားသည့် အထူးအစီစဉ်များ၊ အပေါင်းလက္ခဏာဆောင်သော လုပ်ငန်းစဉ် (Affirmative action) များ၊ ဥပဒေသတ်မှတ်ချက်များ ရှိမနေဘဲ နိုင်ငံရေးပါတီများက ကိုယ်ပိုင်နားလည်မှုဖြင့် အမျိုးသမီးကိုယ်စားလှယ်လောင်းများအား ရွေးချယ်ခြင်းဖြစ်သည်။ ၂၀၂၀ အထွေထွေရွေးကောက်ပွဲ၏ ကိုယ်စားလှယ်စာရင်းများအရ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်မှ အမျိုးသမီးကိုယ်စားလှယ် (၃၀) ရာခိုင်နှုန်း၊ ပြည်သူ့ရှေ့ဆောင်ပါတီမှ အမျိုးသမီးကိုယ်စားလှယ် (၄၀) ရာခိုင်နှုန်းဖြင့် အမြင့်ဆုံး တင်သွင်းခဲ့ပြီး ထိုပါတီနှစ်ခုအနောက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ (၂၀) ရာခိုင်နှုန်းနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီတို့မှ (၁၀) ရာခိုင်နှုန်း အသီးသီးတင်သွင်းခဲ့သည်။ ကျန်ပါတီ (၈၇) ပါတီများ၏ အမျိုးသမီးကိုယ်စားလှယ်လောင်း ရွေးချယ်တင်သွင်းမှုမှာ (၁၀) ရာခိုင်နှုန်းအောက်သာရှိခဲ့သည်။ ပါတီအများစုတွင် အမျိုးသမီးကော်မတီ/အမျိုးသမီး တောင်ပံဖွဲ့စည်းထားရခြင်းမရှိသေးသကဲ့သို့ ပါတီကိုယ်စားလှယ်လောင်း

22 အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)၊ ကျား၊မ တန်းတူရေးအပေါ် သဘောထားရပ်တည်ချက်။

ရွေးချယ်ရေး ကော်မတီတွင်လည်း အမျိုးသမီးပါဝင်မှုနည်းပါးသည်။ အမျိုးသမီးပါတီဥက္ကဋ္ဌဦးဆောင်သည့် ပါတီအချို့နှင့် ပါတီခေါင်းဆောင်ပိုင်းတွင် အမျိုးသမီးပါဝင်မှုရှိသည့် ပါတီအချို့နှင့် ပါတီတွင်း အမျိုးသမီး ပါဝင်မှု မြင့်မားမှုမှာ ဆက်စပ်မှုရှိနေသည်ကို တွေ့ရသည်။

နိုင်ငံရေးပါတီများအနေဖြင့် မိမိပါတီအား ကိုယ်စားပြုယှဉ်ပြိုင်မည့် ပါတီအမျိုးသမီးများအား ကြိုတင် ရွေးချယ် သင်တန်းများပေးခြင်း၊ ထင်ပေါ်ကျော်ကြားလူသိများလာရန် နိုင်ငံရေးစင်မြင့်တွင် နေရာပေးခြင်း၊ ပွဲထုတ်ခြင်း၊ ရပ်ရွာနှင့် ရွေးကောက်ပွဲ ကော်မရှင်၊ နိုင်ငံတကာအဖွဲ့စည်း၊ အမျိုးသမီးအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်စေခြင်း၊ ၎င်းတို့၏ လုပ်ဆောင်ချက်များကို ပြည်သူများ သိရှိစေရန် ပါတီ၏ ဆက်သွယ်ရေးလမ်းကြောင်းအသီးသီးမှ အစီရင်ခံတင်ပြခြင်းစသဖြင့် ၎င်းတို့၏ နိုင်ငံရေးပုံရိပ် တည်ဆောက်ရာတွင် ပံ့ပိုးပေးခြင်းတို့ ဆောင်ရွက်နိုင်သည်။ ၂၀၂၀ အထွေထွေ ရွေးကောက်ပွဲအတွေ့အကြုံ အရ ပါတီ၏ လမ်းပြမှု၊ လူအင်အား၊ ငွေအင်အား၊ ဉာဏအင်အား ပံ့ပိုးမှုရရှိသည့် အမျိုးသမီးကိုယ်စားလှယ် လောင်းများသည် ရွေးကောက်ပွဲကာလ စိန်ခေါ်မှုများကို အလွယ်တကူ ကျော်လွှားနိုင်ပြီး အောင်မြင်မှုများ ရှိခဲ့သည်။ နိုင်ငံရေးပါတီများအနေဖြင့် မဲဆန္ဒနယ်များနှင့် ချိတ်ဆက်ဆောင်ရွက်မှုများ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရန် လိုအပ်သည်။ ရွေးကောက်ပွဲတွင် ရပ်ကျေးအထိ ဖွဲ့စည်းထားနိုင်သည့် နိုင်ငံရေးပါတီ များနှင့် ၎င်းတို့အားကိုယ်စားပြုသည့် ကိုယ်စားလှယ်များသည် လွယ်ကူချောမွေ့မှုများရှိခဲ့သည်။ မိမိပါတီမှ ယှဥ်ပြိုင်မည့် အမျိုးသမီးကိုယ်စားလှယ်လောင်းများအတွက် မဲဆွယ်စည်းရုံးရေးမှူးများ၊ ရွေးကောက်ပွဲ အောင်နိုင်ရေးအဖွဲ့များ၊ ကိုယ်စားလှယ်လောင်း၏ ကိုယ်စားလှယ်များ၊ မဲရုံကိုယ်စားလှယ်များ ထားရှိရန် အတွက် စည်းရုံးခြင်း၊ သင်တန်းပေးခြင်းများ ဆောင်ရွက်နိုင်သည်။ ထိုသို့ဆောင်ရွက်ရန်အတွက်လည်း နိုင်ငံရေးပါတီများအနေဖြင့် ကုန်ကျစရိတ် ရန်ပုံငွေ သီးသန့်ထားရှိခြင်း၊ သက်ဆိုင်ရာ အမျိုးသမီးအဖွဲ့များ နှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ပြုလုပ်နိုင်သည်။

အရေးကြီးဆုံးအချက်မှာ နိုင်ငံရေးတွင် အမျိုးသမီးပါဝင်ကိုယ်စားပြုမှုကို မြှင့်တင်လိုသော နိုင်ငံရေးပါတီ များသည် မညီမျှဘဲ အဟန့်အတားဖြစ်နေသော ဖွဲ့စည်းပုံပါ ပြဋ္ဌာန်းချက်များ၊ ရွေးကောက်ပွဲစနစ်၊ ရွေးကောက်ပွဲ ဥပဒေ မူဘောင်များအား ပြင်ဆင်ကျင့်သုံးရန် အသင့်ဖြစ်ရန်လိုပါသည်။ ပါတီ၏ မူဝါဒများ တွင်လည်း အမျိုးသမီးများ၏ နိုင်ငံရေးကိုယ်စားပြုမှု မြင့်တက်စေရေးနှင့် အမျိုးသမီးများအား ခွဲခြားဖိနှိပ် နေသော ဥပဒေများပြင်ဆင်ရေးနှင့် လူ့အဖွဲ့အစည်းတွင် ကျား၊မ တန်းတူညီမျှရေးကို ရှေးရှုသည့် ကတိကဝတ်၊ မူဝါဒများကို ပါတီလမ်းစဥ် မူဂါဒများတွင် ရေးဆွဲ ချမှတ်ထားသင့်ပါသည်။

# ၃။ အမျိုးသမီးကိုယ်စားလှယ်လောင်းများကို ပံ့ပိုးနိုင်မည့် အစီအစဉ်ဗျူဟာများ

အမျိုးသမီးများ နိုင်ငံရေးကိုယ်စားပြု မြင့်မားလာစေရန်နှင့် အမျိုးသမီးကိုယ်စားလှယ်လောင်းများအား ရွေးကောက်ပွဲတွင် အနိုင်ရရှိရန် ပံ့ပိုးပေးဖို့ဆိုလျှင် ရွေးကောက်ပွဲမတိုင်မီနှင့် ရွေးကောက်ပွဲ အလွန်ကာလ အပိုင်းအခြား နှစ်ပိုင်းလုံးတွင် စနစ်တကျ ပံ့ပိုးပေးဖို့လိုအပ်ပါသည်။ ရွေးကောက်ပွဲအကြိုကာလတွင် ပုဂ္ဂိုလ်ရေး ကျော်ဇောမှု (သို့) နိုင်ငံရေးပုံရိပ်တည်ဆောက်ခြင်း၊ ပါတီများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ နည်းပညာအကူအညီများပေးခြင်းတို့ ပါဝင်သည်။ ရွေးကောက်ပွဲအလွန်ကာလတွင် ပြုပြင်ပြောင်းလဲရေးအတွက် သုံးသပ်ခြင်း၊ လွှတ်တော်တွင် ဥပဒေများ ပြင်ဆင်ရေးဆွဲရေးအတွက် ဗျူဟာ များဖော်ထုတ်ခြင်း၊ ကျား၊မ ရေးရာ တန်းတူညီမျှရေးဆိုင်ရာ ပညာရပ်များ ဆက်လက်ပြန့်ပွားစေခြင်းတို့ ပါဝင်သည်။

## က။ အမျိုးသမီးကိုယ်စားလှယ်လောင်းများ၏ နိုင်ငံရေးပုံရိပ် တည်ဆောက်ခြင်း

လေ့လာမှုအရ ယှဉ်ပြိုင်သည့် မဲဆန္ဒနယ်နှင့် ချိတ်ဆက်ဆောင်ရွက်မှု အားကောင်းပြီး၊ သေချာ ကြိုတင်ပြင်ဆင်မှု ရှိခြင်းနှင့် ရွေးကောက်ခံရမှုသည် ဆက်စပ်မှုရှိသည်ကိုတွေ့ရသည်။ အင်တာဗျူးမေးမြန်းခဲ့သော ကိုယ်စားလှယ်များသည်လည်း မည်မျှကြာကြာ ကြိုတင်ပြင်ဆင်ထားရန်အပေါ် သဘောတူညီမှု မရှိသော်လည်း (၃-နှစ် သို့မဟုတ် ၅-နှစ်) မိမိယှဉ်ပြိုင်လိုသည့် နယ်မြေတွင် အဆက်အသွယ်၊ ချိတ်ဆက်မှု အားကောင်းစေရန် ရေရှည်ကြိုတင်ရင်းနှီးမြုပ်နှံထားရန် လိုအပ်သည်ဟု သဘောတူကြသည်။ ရွေးကောက်ခံရဖို့ဆိုလျှင် “ရွေးကောက်ပွဲ ကာလမှ မဲတောင်းရန် ရောက်လာတာမျိုး မဖြစ်သင့်ဘူး” ဟု အမျိုးသမီး ကိုယ်စားလှယ်တစ်ဦးကဆိုသည်။[23] အမျိုးသမီးကိုယ်စားလှယ်လောင်းများအနေဖြင့် နိုင်ငံရေးအသိပညာ၊ လူထုနှင့် ပြောဆိုဆက်ဆံရေးစသည့် ကျွမ်းကျင်မှုများလိုအပ်ပြီး ကိုယ်စားလှယ်လောင်းများ မွေးထုတ်ပေးသည့် “ကိုယ်စားလှယ်လောင်းအကယ်ဒမီ” မျိုးရှိလျှင် အကျိုးရှိမည်ဟုဆိုသည်။ ထိုအကယ်ဒမီမှ လိုအပ်သည့် စာတွေ့၊ လက်တွေ့ကျွမ်းကျင်မှုများ ပို့ချပေးခြင်း၊ မိမိတို့ ဒေသ/မဲဆန္ဒနယ်တွင် လူထုနှင့်ချိတ်ဆက်နိုင်မည့် လုပ်ငန်းအစီအစဉ်များအတွက် တာဝန်ပေးခြင်း၊ ထိုတာဝန်များဆောင်ရွက်ရန် လိုအပ်သည့် ငွေကြေးရန် ပုံငွေများချပေးခြင်း၊ အကယ်ဒမီမှ အောင်မြင်သွားသူများ ရွေးကောက်ပွဲဝင်ပြိုင်သည့်အခါ ရွေးကောက်ပွဲကာလ ပံ့ပိုးမှုများနှင့် တရားဝင် ထောက်ခံအသိအမှတ်ပြုပေးခြင်းစသည်တို့ ပါဝင်သည့် အစီအစဉ်တခုအား ဆိုလိုခြင်းဖြစ်သည်။ ၂၀၂၀ ရွေးကောက်ပွဲ အတွေ့အကြုံများအရ အမျိုးသမီးကိုယ်စားလှယ်လောင်းများတွင် မွမ်းမံသင်တန်းများသည် မလုံလောက်ဘဲ ကိုယ်စားလှယ်လောင်းများအား ဒစ်ဂျစ်တယ်နည်းပညာများ၊ သုတေသနနှင့် စည်းရုံးရေးများဖြင့် ကူညီပေးနိုင်မည့် ကျွမ်းကျင်ကိုယ်စားလှယ်လောင်း မန်နေဂျာများလည်း မွေးထုတ်ပေးရန်လိုအပ်ပေမည်။

## ခ။ ရွေးကောက်ပွဲဆိုင်ရာ လိုအပ်ချက်များ ပံ့ပိုးခြင်း

၂၀၂၀ ရွေးကောက်ပွဲအတွက် ကိုယ်စားလှယ်လောင်းအချို့အား အမျိုးသမီးအဖွဲ့များမှ ကိုယ်စားလှယ်မှတ်ပုံတင်ကြေး ထောက်ပံ့ခြင်း၊ ကိုဗစ်ကာကွယ်ရေးဆိုင်ရာ ပစ္စည်းများ ပံ့ပိုးပေးခြင်း၊ မဲဆွယ်စည်းရုံးရေးဆင်တူ အင်္ကျီများစသည်တို့ ပံ့ပိုးမှုများရှိခဲ့သည်။ သို့သော် ကိုယ်စားလှယ်လောင်းအများစုမှာ ရွေးကောက်ပွဲဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ စာရွက်စာတမ်းများ၊ သုတေသနနှင့် အကြံပြုချက်များ လိုအပ်ခဲ့သည်။ ဥပမာ ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားဖွယ် ဖြစ်ရပ်များတွင် လိုအပ်သည့် သက်သေအထောက်ထားများ၊ စာဒကတက်ရန် လိုအပ်သည့် လုပ်ထုံးလုပ်နည်း အဆင့်ဆင့်စသည်တို့ကို သိရှိနိုင်မှုနှင့် ပြင်ဆင်နိုင်မှု နည်းပါးခဲ့သည်။ မဲဆွယ်ကာလတွင်လည်း ကိုယ်စားလှယ်လောင်းများမှာ မဲဆွယ်မှုနှင့် မဲဆန္ဒရှင်ပညာပေးများ တွဲလုပ်ခဲ့ရပြီး အဆိုပါ ပညာပေးလုပ်ငန်းများအတွက် စာရွက်စာတမ်းများ မလောက်မင ဖြစ်ခဲ့ရသည်။ အမျိုးသမီး ကိုယ်စားလှယ်လောင်းများ ရွေးကောက်ခံရရန်အတွက် မဲဆန္ဒရှင် ပညာပေးလုပ်ဆောင်ရာတွင် အမျိုးသမီးများအား ရွေးချယ်မဲထည့်ရန် အားပေးလှုံ့ဆော်မှုများသည် မလုံလောက်ဘဲ ရွေးကောက်ပွဲစနစ်၊ မဲပေးရသည့် စနစ် စသည်တို့ကိုပါ ရှင်းပြပညာပေးရန်လိုအပ်သည်ကို ၂၀၂၀ အထွေထွေရွေးကောက်ပွဲ အတွေ့အကြုံအရ သိရှိရသည်။ မဲဆွယ်ကာလတွင် လွှတ်တော်သုံးရပ်စလုံးအတွက် တစ်ပါတီတည်း မဲမပေးလျှင် ပယ်မဲဖြစ်နိုင်သည်၊ တသီးပုဂ္ဂလ ကိုယ်စားလှယ်များကို မဲပေးလျှင် အစိုးရမဖွဲ့နိုင်ဟူသော အချက်အလက်အမှားများ ပြန့်နှံ့ခဲ့သည့်အပြင် မဲဆန္ဒရှင်များမှာ မည်သို့ မဲပေးရမည်နှင့် ပယ်မဲ၊ ခိုင်လုံမဲများနှင့်ပတ်သက်၍ ရှင်းလင်းမှု မရှိကြောင်းတွေ့ရသည်။[24] ထို့အပြင် အမျိုးသမီးကိုယ်စားလှယ် အများစုမှာ မိမိယှဉ်ပြိုင်မည့် မဲဆန္ဒနယ်၏ လိုအပ်ချက်များအား သိရှိအကောင်အထည်ဖော် ကတိကဝတ်ပြုရန် လိုအပ်သည့် သတင်းအချက်အလက်များ၊ နည်းပညာ၊ အရင်းအမြစ်များနှင့် အကြံပြုချက်များလည်း လိုအပ်ခဲ့သည်။

---

23 အင်တာဗျူး၊ ၂၄ နိုဝင်ဘာလ ၂၀၂၀။

24 ရွေးကောက်ပွဲရလဒ်အရ မဲဆန္ဒအသီးသီးတွင် ပယ်မဲများစွာရှိခဲ့ပြီး၊ လွှတ်တော်နှင့် မဲပြားများ မှားယွင်း၍ ထုတ်ပေးခဲ့သော မဲရုံများတွင် အနဲဆုံး မဲပြား ၅၀ မှားယွင်းထည့်ပြီးမှ မဲဆန္ဒရှင်အချို့ သို့မဟုတ် မဲရုံမှူးမှ သတိပြုမိခြင်းတို့ဖြစ်ခဲ့သည်။

ထိရောက်သည့် ပံ့ပိုးမှုများဖြစ်ဖို့အတွက်ဆိုလျှင် အမျိုးသမီးကိုယ်စားလှယ်လောင်းများအတွက် ရွေးကောက်ပွဲဆိုင်ရာ အချက်အလက်များ လက်လှမ်းမှီ သိရှိစေရေး ပံ့ပိုးမှုအစီစဥ်များ လိုအပ်ပေမည်။

## ဂ။ နိုင်ငံရေးပါတီများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း

အမျိုးသမီးကိုယ်စားလှယ်လောင်းများအား ထိရောက်စွာ ပံ့ပိုးနိုင်ရန်အတွက် "ရွေးကောက်ပွဲမတိုင်မီကတည်းက ပါတီများနှင့် ချိတ်ဆက်၍ ပူးပေါင်းဆောင်ရွက်သင့်သည်" ဟု ကိုယ်စားလှယ်တစ်ဦးမှ အကြံပြုသည်။ ၂၀၂၀ အထွေထွေ ရွေးကောက်ပွဲတွင် ပါတီအား ဝန်းရံရန် ကတိကဝတ်ပြုထားသည့် အမျိုးသမီးအဖွဲ့အစည်းများအတွက် ပါတီ၏ အမျိုးသားကိုယ်စားလှယ်များနှင့် ၎င်းတို့နှင့် ယှဥ်ပြိုင်သော အခြားပါတီမှ အမျိုးသမီးကိုယ်စားလှယ်များ အကြားတွင် မည်သူကို ပံ့ပိုးပေးရမည်ဟူသော ကျင့်ဝတ်ပိုင်းဆိုင်ရာ အခက်အခဲများရှိခဲ့သည်။ ထိုအတွေ့အကြုံအရ အမျိုးသမီးအဖွဲ့အစည်းများအနေဖြင့် မူများ ပြတ်ပြတ်သားသားချမှတ် ပံ့ပိုးပေးရန် လိုအပ်ပေမည်။ ဥပမာ - အမျိုးသမီးကိုယ်စားလှယ်လောင်း ရာခိုင်နှုန်းတစ်ခုထိ ပါဝင်ယှဉ်ပြိုင်သော ပါတီများကိုသာ ပံ့ပိုးဝန်းရံခြင်း၊ အမျိုးသမီးကော်မတီ/အမျိုးသမီးတောင်ပံများ ဖွဲ့စည်းဆောင်ရွက်သည့် ပါတီများကိုသာ ပံ့ပိုးဝန်းရံခြင်း၊ ပါတီ၏ မူဝါဒချမှတ်မှုများနှင့် ဆုံးဖြတ်ချက်ချမှတ်သောခေါင်းဆောင်မှုပိုင်းတွင် အမျိုးသမီးများ ရာခိုင်နှုန်းတစ်ခုထိ ပါဝင်သော ပါတီများကိုသာ ပံ့ပိုးဝန်းရံခြင်း၊ မူဝါဒများတွင် အမျိုးသမီးရေးရာ ကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းရန် ဥပဒေရေးဆွဲပြင်ဆင်ရန် ကတိပြုထားသည့် ပါတီများကို ပံ့ပိုးဝန်းရံခြင်း စသဖြင့် ချမှတ်ဆောင်ရွက်နိုင်သည်။ အရေအတွက်အရ ပါတီတွင် အမျိုးသမီးကိုယ်စားပြုမှုပါဝင်မှု သတ်မှတ်ချက်ပြည့်သည့် ပါတီများစွာရှိလျှင် စစ်မှန်ပြီး အဓိပ္ပါယ်ပြည့်ဝသည့် အမျိုးသမီးကိုယ်စားပြုပါဝင်မှုကို အားပေးချမှတ်ထားသည့် မူဝါဒနီးစပ်သည့် ပါတီများကို ရွေးချယ်ပံ့ပိုးဝန်းရံပေးနိုင်သည်။ ဥပမာ - လွှတ်တော်တွင် အမျိုးသမီးများပါဝင်မှုကို အဟန့်အတားဖြစ်နေသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ရွေးကောက်ပွဲစနစ်၊ ရွေးကောက်ပွဲဥပဒေများကို ပြင်ဆင်ရန် ကတိပြုထားသည့် ပါတီများ။ အဆိုပါမူဝါဒ နီးစပ်သည့် ပါတီများဖြင့် ပူးပေါင်း၍ ပြင်ဆင်ရမည့် ဥပဒေမူဘောင်များကို အတူရေးဆွဲဖော်ထုတ်ခြင်း၊ တိုက်တွန်းအဆိုပြုမည့် ဗျူဟာများ ဆောင်ရွက်နိုင်သည်။

## ဃ။ လွှတ်တော်နှင့် ဥပဒေပြုခြင်း

ရွေးကောက်ပွဲအလွန်ကာလတွင် မဲဆွယ်ကာလ ကတိကဝတ်များဆောင်ရွက်နိုင်ရေးနှင့် အမျိုးသမီးများအား ခွဲခြားမှုရှိသည့် ဥပဒေများပြင်ဆင်ရေးဆွဲရန်၊ ကျားမရေးရာတန်းတူညီမျှမှုအတွက် သေချာရည်ရွယ်ရေးဆွဲရမည့် ဘဏ္ဍာရန်ပုံငွေများပြင်ဆင်ခြင်းတို့အပြင် ရွေးကောက်ပွဲကာလတွင်ရှိခဲ့သော အမျိုးသမီးကိုယ်စားပြုမှုကို အဟန့်အတားဖြစ်နေသည့် ဥပဒေမူဘောင်များကို ဆက်လက်ပြင်ဆင် ဆောင်ရွက်ရန်လိုအပ်သည်။ ၂၀၁၉ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးအတွက် ပါတီအသီးသီးမှ တင်သွင်းသည့် ပြင်ဆင်ချက်ပေါင်း (၃၀၀၀) ကျော် ရှိခဲ့သော်လည်း ရွေးကောက်ပွဲ ဥပဒေ၊ ရွေးကောက်ပွဲစနစ်နှင့် ပတ်သက်၍ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်ရန်၊ လွတ်လပ်သော ရွေးကောက်ပွဲ ကော်မရှင်ဖြစ်ရန်၊ အမျိုးသမီးများ ပါဝင်မှုများရန် အဟန့်အတားဖြစ်နေသော အချက်များကို ပါတီများမှ ပြင်ဆင်ချက်ထည့်သွင်းခြင်း မရှိခဲ့သည်ကို တွေ့မြင်နိုင်သည်။ ထို့အပြင် လွှတ်တော်တွင် ပြင်ဆင်ခဲ့သော ရွေးကောက်ပွဲဥပဒေ ပြင်ဆင်ချက်များတွင် အမျိုးသမီးကိုယ်စားပြုမှုကို အထောက်အကူပြုစေမည့် ပြင်ဆင်ချက်များမပါဝင်ခဲ့ပေ။ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) ၏ ကျားမ တန်းတူရေးအပေါ် သဘောထားရပ်တည်ချက်တွင် အမျိုးသမီးပါဝင်မှု အနည်းဆုံး (၃၀) ရာခိုင်နှုန်း ကိုတာစနစ်၊ အစိုးရဖွဲ့စည်းမှုအသီးသီးတွင် အမျိုးသမီးများ ထည့်သွင်းဖွဲ့စည်းရန်နှင့် တန်းတူညီမျှသည့် ကိုယ်စားပြုမှုအတွက် အချိုးကျကိုယ်စားပြုရွေးကောက်ပွဲစနစ်များကို အသုံးပြုရန် အကြံပြုထားပြီး ရွေးကောက်ခံ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အမျိုးသမီးများ၏ နိုင်ငံရေးဦးဆောင်မှုမြှင့်တင်ရန် လိုအပ်သည့် ဥပဒေပြင်ဆင်မှု

များကို ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ပါသည်။ ထို့ပြင် လူမျိုးနှင့် ဘာသာလူနည်းစုများ၏ တန်းတူညီမျှ ရွေးချယ်ခံနိုင်ခွင့်ကို လိုက်နာအကောင်အထည်ဖော်ရန် လိုအပ်သည့် နိုင်ငံတကာ ဥပဒေ ICCPR ကဲ့သို့သော ဥပဒေများကို လက်မှတ်ရေးထိုးခြင်း စသည်တို့ ဆောင်ရွက်ရန် လိုအပ်ပါသည်။

## င။ အမျိုးသမီးအဖွဲ့အစည်းများ ဖွဲ့စည်းခြင်း၊ ကွန်ယက်တည်ဆောက်ခြင်းနှင့် ကိုယ်စားပြုခြင်း

အမျိုးသမီးများ နိုင်ငံရေးတွင် ပါဝင်ရန်နှင့် အမျိုးသမီးကိုယ်စားလှယ်လောင်းများကို ထိရောက်စွာ ပံ့ပိုးနိုင်ရန် အခြားသော ဗျူဟာတစ်ခုမှာ အမျိုးသမီးအဖွဲ့အစည်းများအားကောင်းစေခြင်း၊ ကွန်ယက်တည်ဆောက်ခြင်း၊ ကိုယ်စားပြုမှုများကို မြှင့်တင်ခြင်းဖြစ်သည်။ အမျိုးသမီးအဖွဲ့အစည်းများ အားမကောင်းသော ဒေသများတွင် (ဥပမာ-ချင်းပြည်နယ်) ယှဉ်ပြိုင်သော အမျိုးသမီးကိုယ်စားလှယ်လောင်းများအတွက် ပံ့ပိုးမှုများ အားနည်းပြီး စိန်ခေါ်မှုများ ပိုမိုကြုံတွေ့ရသည်ကို ၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် တွေ့မြင်ခဲ့ရသည်။ အလားတူ ရှေးရိုးစွဲ ယဉ်ကျေးမှုများ အားကောင်းသည့် ဒေသများတွင် အမျိုးသမီးများနှင့် ပတ်သက်သော ဗဟုသုတ အမြင်ဖွင့်သင်တန်းများ၊ အင်တိုက်အားတိုက် ဆက်လက်ပံ့ပိုးပေးနိုင်ရန် လိုအပ်ပါသည်။ အမျိုးသမီးအဖွဲ့အစည်းများအနေဖြင့် ဒေသခံအဖွဲ့အစည်းများ အားကောင်းလာစေရန် ၎င်းတို့နှင့် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်ခြင်း၊ ရွေးကောက်ပွဲ အကူအညီပေးရေး အဖွဲ့အစည်းများနှင့် အမျိုးသမီးအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အမျိုးသမီးကိုယ်စားလှယ်လောင်းများကို ပံ့ပိုးရာတွင် စနစ်တကျ ပံ့ပိုးနိုင်မည်။ အမျိုးသမီးများ နိုင်ငံရေးတွင် ပါဝင်လာရန်နှင့် ရွေးကောက်ခံရရန် ဒေသခံများ အမျိုးသမီးများ၏ ပူးပေါင်းပါဝင်မှုနှင့် သက်ဆိုင်ရာ ဒေသအတွင်းရှိ (လူမျိုး၊ ဘာသာရေးနှင့် မသန်စွမ်း) လူနည်းစု အမျိုးသမီးများအား အခွင့်အရေးတန်းတူ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဒေသခံအမျိုးသမီးထုများ၏ ကိုယ်စားပြုအားကိုးမှု ရရှိရန် လိုအပ်ပါသည်။

## နောက်ဆက်တွဲ (ဂ) အမျိုးသမီးကိုယ်စားလှယ်များ ကိုယ်စားပြုသော ပါတီများ

၁။ "ဝ" အမျိုးသားပါတီ (WNP)
၂။ ကချင်ပြည်နယ်ပြည်သူ့ပါတီ (KSPP)
၃။ ကချင်အမျိုးသားကွန်ဂရက်ပါတီ (KNC)
၄။ ကယန်းအမျိုးသားပါတီ (KNP)
၅။ ကယားပြည်နယ်ဒီမိုကရက်တစ်ပါတီ (KySDP)
၆။ ကရင်ပြည်သူ့ပါတီ (KPP)
၇။ ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ (KNDP)
၈။ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ (KDUP)
၉။ ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (CNLD)
၁၀။ ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ် (ZNC/ZCD)
၁၁။ တအောင်း(ပလောင်)အမျိုးသားပါတီ (TNP)
၁၂။ တအောင်း(ပလောင်)အမျိုးသားပါတီ (TNP)
၁၃။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ (တစည)
၁၄။ တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ (TNDP)
၁၅။ ဒီမိုကရက်တစ်ပါတီ (မြန်မာ)
၁၆။ ဓနုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ (DNDP)
၁၇။ ဓနုအမျိုးသားများအဖွဲ့ချုပ်ပါတီ (DNOP)
၁၈။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ (NLD)
၁၉။ ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ (UBP)
၂၀။ ပြည်သူ့ပါတီ (PP)
၂၁။ ပြည်သူ့ရှေ့ဆောင်ပါတီ (PPP)
၂၂။ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)
၂၃။ မြို၊တိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ
၂၄။ မွန်ညီညွတ်ရေးပါတီ (MUP)
၂၅။ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (ALD)
၂၆။ ရခိုင်အမျိုးသားပါတီ (ANP)
၂၇။ ရခိုင်ဦးဆောင်ပါတီ (AFP)
၂၈။ ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ
၂၉။ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် (SNLD)
၃၀။ လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ) (L.N.D.P)
၃၁။ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (DPNS)
၃၂။ လော်ဝေါ်အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
၃၃။ ဝံသာနုဒီမိုကရက်တစ်ပါတီ
၃၄။ အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ (INLP)
၃၅။ အမျိုးသားတိုးတက်ရေးပါတီ (NDP)
၃၆။ အမျိုးသားဒီမိုကရေစီအင်အားစုပါတီ (NDF)
၃၇။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)

# နောက်ဆက်တွဲ (၁) ပါတီကိုယ်စားလှယ်များ ကိုယ်စားပြုသော ပါတီများ

၁။ အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ

၂။ ဒိုင်းနက်လူမျိုးများတိုးတက်ရေးပါတီ

၃။ ကချင်အမျိုးသားပါတီ (KNP)

၄။ ကမန်အမျိုးသားတိုးတက်ရေးပါတီ

၅။ ဇိုတိုင်းရင်းသားဒေသဖွံ့ဖြိုးရေးပါတီ (ZNRD)

# အပိုင်း ၂

## ၂၀၂၁ စစ်အာဏာသိမ်းမှုနှင့် ပတ်သက်၍ ၂၀၂၀ ရွေးကောက်ပွဲဝင် အမျိုးသမီးကိုယ်စားလှယ်များ၏ အသံ

# အဓိက တွေ့ရှိချက်များ

- ၂၀၂၀ ရွေးကောက်ပွဲဝင် အမျိုးသမီးကိုယ်စားလှယ်များသည် စစ်အာဏာသိမ်းမှုအပေါ် ကိုယ်ပိုင်အမြင်များ ရှိသော်လည်း ပါတီအဖွဲ့ဝင် အမျိုးသမီးကိုယ်စားလှယ်များမှာ ၎င်းတို့ ကိုယ်စားပြုသော မိခင်ပါတီ၏ ရပ်တည်ချက်၊ ဆုံးဖြတ်ချက်များ အတိုင်းရပ်တည် ဆောင်ရွက်ကြသည်။
- မေးမြန်းခဲ့သော အမျိုးသမီးကိုယ်စားလှယ်များအားလုံးသည် စစ်အာဏာသိမ်းမှုအား လုံးဝ မကြိုက်၊ လက်မခံသည်ကို တွေ့ရသည်။
- အမျိုးသမီးကိုယ်စားလှယ်များအနေဖြင့် အာဏာသိမ်းမှုအား မည်သို့တုန့်ပြန်မည်ဆိုသည့် အချက်မှာ ၎င်းတို့ ကြုံတွေ့ဖြတ်သန်းခဲ့သော ရွေးကောက်ပွဲအတွေ့အကြုံများ၊ နိုင်ငံရေး အတွေ့ကြုံများနှင့် စစ်အာဏာသိမ်းမှု မည်သည့်အတွက်ကြောင့် ဖြစ်ရသည် ဆိုသည်ကို ၎င်းတို့တစ်ဦးချင်း၏ ရှုမြင် သဘောပေါက်မှုအပေါ်တွင် မူတည်နေသည်။
- ၂၀၂၀ ရွေးကောက်ပွဲဝင် အမျိုးသမီးကိုယ်စားလှယ်များသည် အခြားသောကဏ္ဍ၊ အလွှာ အသီးသီးမှ အမျိုးသမီးများနည်းတူ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး၊ ကျန်းမာရေးနှင့် လုံခြုံရေး အကြပ်အတည်းဒဏ်ကို ခံစားရသည်။ ထိုအကြပ်အတည်းများရှိသော်လည်း မေးမြန်းခဲ့ သော အမျိုးသမီးကိုယ်စားလှယ်အားလုံးမှာ မိမိ၏ တစ်ဦးတစ်ယောက် လုပ်ပိုင်ခွင့်ထဲမှ ပံ့ပိုး ကူညီနိုင်သည့် ကိစ္စရပ်များတွင် နိုင်သည့်ဘက်မှ ကူညီပံ့ပိုး လျှက်ရှိသည်။
- အမျိုးသမီးများ ကိုယ်စားလှယ်များအနေဖြင့် အမျိုးသမီးများ၏ နိုင်ငံရေးတွင် ပါဝင်မှုကို အကဲဖြတ်ရာတွင် တော်လှန်ရေးမျက်နှာစာနှင့် နိုင်ငံရေးမျက်နှာစာဟု ခွဲခြားရှုမြင်ကြပြီး၊ လက်ရှိတွင် နိုင်ငံရေးပါတီ အများစုမှာ လှုပ်ရှားမှုရပ်တန့်နေသကဲ့သို့၊ အမျိုးသမီးများ၏ နိုင်ငံရေးအခန်းကဏ္ဍမှာလည်း သုညသို့ ရောက်ရှိသွားသည်ဟု ရှုမြင်ကြသည်။
- ပြန်လည်ကျင်းပမည်ဟူသော ရွေးကောက်ပွဲများအပေါ်တွင် အမျိုးသမီးကိုယ်စားလှယ်များ အနေဖြင့် နိုင်ငံရေးအရသာမက၊ နည်းပညာအရပါ ဖြစ်နိုင်၊မဖြစ်နိုင်ပေါ် သံသယဖြစ်လျက် ရှိနေပြီး၊ နိုင်ငံရေးအဖြေ တစ်ခုအနေဖြင့် ကျင်းပသောရွေးကောက်ပွဲများမဟုတ်လျှင် ၎င်း တို့အနေဖြင့် ပါဝင်ရန် တွန့်ဆုတ်လျှက် ရှိသည်။
- တမဲသာအနိုင်ရစနစ် (FPTP) မှ အချိုးကျကိုယ်စားပြုရွေးကောက်ပွဲစနစ် (PR) သို့ပြောင်းလဲ ရန်အပေါ် အချို့သော အမျိုးသမီးကိုယ်စားလှယ်များမှာ လုံးဝကြိုက်နှစ်သက်မှု မရှိဘဲ ကန့်ကွက် လျှက်ရှိသကဲ့သို့ အချို့သော အမျိုးသမီးကိုယ်စားလှယ်များမှာ နိုင်ငံရေးတွင် အမျိုးသမီးများ ပိုမိုပါဝင်လာနိုင်သည့် အခွင့်အလမ်းတခုဟု မျှော်လင့်ဆွေးနွေးကြသည်များရှိသည်။
- အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) (WLB) အပါအဝင် အမျိုးသမီးအဖွဲ့အစည်းများ၏ စိန်ခေါ်မှုမှာ တော်လှန်ရေးမျက်နှာစာနှင့် နိုင်ငံရေးမျက်နှာစာတွင် ပါဝင်နေသည့် အမျိုးသမီးများ၏ နိုင်ငံရေး အခန်းကဏ္ဍကို ပေါင်းကူးနိုင်မည့် ဗျူဟာတခု၊ သို့မဟုတ် တပြိုင်နက်မြှင့်တင်နိုင်မည့် ဗျူဟာ တခုချမှတ် အကောင်အထည်ဖော်ရန်ဖြစ်ပါလိမ့်မည်။

# အစီရင်ခံစာ အကြောင်း

ယခုအစီရင်ခံစာသည် "၂၀၂၀ ရွေးကောက်ပွဲဝင်အမျိုးသမီးကိုယ်စားလှယ်များအသံ" ဒုတိယ အစီရင်ခံစာဖြစ်ပါသည်။ ပထမအစီရင်ခံစာသည် ၂၀၂၀ ရွေးကောက်ပွဲအပြီး အမျိုးသမီး ကိုယ်စားလှယ်များ၏ ရွေးကောက်ပွဲဝင် အတွေ့အကြုံများ၊ စိန်ခေါ်မှုများနှင့် ပြုပြင်ပြောင်းလဲမှု ဆိုင်ရာ အကြံပြုချက်များကို လေ့လာတင်ပြထားခြင်းဖြစ်သည်။ ဒုတိယအစီရင်ခံစာသည် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက် အာဏာသိမ်းမှုအပြီး အမျိုးသမီးကိုယ်စားလှယ်များ ကြုံတွေ့ရသည့် စိန်ခေါ်မှုများ၊ အမြင်များ၊ အကြံပြုချက်များကို ဆက်လက်လေ့လာ တင်ပြထားခြင်းဖြစ်ပါသည်။ ပထမအစီရင်ခံစာတွင် နိုင်ငံရေးပါတီ (၃၇) ခုမှ အမျိုးသမီးကိုယ်စားလှယ်များနှင့် တစ်သီးပုဂ္ဂလ အမျိုးသမီးကိုယ်စားလှယ် စုစုပေါင်း (၅၈) ဦး ပါဝင်ဖြေဆိုခဲ့သည်။ ဒုတိယ အစီရင်ခံစာတွင် ထို (၅၈) ဦးမှ (၁၄) ဦးအား ပြန်လည်ဖြေဆိုထားခြင်းဖြစ်ပါသည်။[1] ကိုယ်စားလှယ်အများစုမှာ ဆက်သွယ်ရေး အခက်အခဲများနှင့်၊ လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများကြောင့် ပါဝင်ဆွေးနွေးနိုင်ခြင်း မရှိခဲ့ပါ။

ယခုအစီရင်ခံစာတွင် ဖေဖော်ဝါရီ ၁ ရက် စစ်အာဏာသိမ်းမှုက ၂၀၂၀ ရွေးကောက်ပွဲဝင် အမျိုးသမီး ကိုယ်စားလှယ်များအပေါ် မည်သို့ရိုက်ခတ်မှုရှိသည်၊ အမျိုးသမီးများ၏ နိုင်ငံရေးဘဝနှင့် နိုင်ငံရေးအခန်းကဏ္ဍအပေါ် မည်သို့ ရိုက်ခတ်မှုရှိသည်ကို အဓိက ဆွေးနွေးထားသည်။ ထို့အပြင် ၎င်းတို့ လက်ရှိပါဝင်ဆောင်ရွက်နေသည့် ကဏ္ဍအမျိုးမျိုး၊ ကြုံတွေ့ရသည့် စိန်ခေါ်မှုများနှင့် အမျိုးသမီးနိုင်ငံရေးကဏ္ဍနှင့် ပတ်သက်သည့် အကြံပြုချက်များကိုလည်း ဆွေးနွေးထားသည်။ ဤအစီရင်ခံစာတွင် ပါဝင်ဖြေကြားပေးခဲ့သည့် ၂၀၂၀ ရွေးကောက်ပွဲဝင် ပါတီနှင့် တစ်သီးပုဂ္ဂလ အမျိုးသမီးကိုယ်စားလှယ်များကို (အချို့သည် ရွေးကောက်ပွဲတွင် အနိုင်ရခဲ့သည်) "အမျိုးသမီး ကိုယ်စားလှယ်များ" ဟု အတိုကောက် သုံးနှုန်းရည်ညွှန်းသွားမည် ဖြစ်ပါသည်။

1 ပထမအစီရင်ခံစာတွင် ပါဝင်ခဲ့သော အမျိုးသမီးကိုယ်စားလှယ်များ၏ သက်ဆိုင်ရာ ပါတီများကို နောက်ဆက်တွဲ (က) တွင် ကြည့်ရှုနိုင်ပါသည်။ ဒုတိယအစီရင်ခံစာတွင် ပါဝင်ခဲ့သော အမျိုးသမီးကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာ ပါတီများကို လုံခြုံ ရေးအတွက် ချန်လှပ်ထားပါသည်။

## ၂၀၂၀ ရွေးကောက်ပွဲဝင် အမျိုးသမီးများ၏ အသံ

# ပထမအစီရင်ခံစာ အကျဉ်းချုပ်

၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် လူမျိုး၊ ဘာသာ၊ အသက်အရွယ်၊ ပညာအရည်အချင်း၊ အလုပ်အကိုင်နှင့် နိုင်ငံရေး အယူအဆ ကွဲပြားခြားနားသော အလွှာအသီးသီးမှ အမျိုးသမီးများစွာ ယှဉ်ပြိုင်ခဲ့ကြသည်။ ပါတီကိုယ်စားပြု၍ သော်လည်းကောင်း၊ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ် အဖြစ် သော်လည်းကောင်း ရွေးကောက်ပွဲ တွင် ဝင်ရောက် ယှဉ်ပြိုင်ခဲ့သူ အမျိုးသမီးကိုယ်စားလှယ်ပေါင်း (၉၀၇) ဦးရှိပြီး ၎င်းမှ (၁၉၁) ဦး ရွေးချယ်ခံခဲ့ ရသည်။

၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် အမျိုးသမီးကိုယ်စားလှယ်များ ရွေးကောက်ခံရနိုင်သည့် အလားအလာများ ကို အကန့်အသတ်ဖြစ်နေသည့် အခြေအနေများရှိနေကြောင်း တွေ့ရှိခဲ့ရသည်။

ထိုအခြေအနေများမှာ - ရွေးကောက်ပွဲစနစ်နှင့် မဲဆန္ဒနယ်မြေခွဲဝေသည့်ပုံစံ၊ ရွေးကောက်ပွဲကော်မရှင်၏ စီမံခန့်ခွဲမှုများ၊ ပါတီတွင်းမူဝါဒများ၊ အမျိုးသမီးပေါ်ခွဲခြားဆက်ဆံမှုများ၊ မဲဆွယ်ကာလ ကန့်သတ်ချက်များနှင့် ပြင်းထန်သော ပါတီယှဉ်ပြိုင်မှုများ ဖြစ်သည်။

အမျိုးသမီးကိုယ်စားလှယ်များသည် ကိုယ်စားလှယ်လောင်း မှတ်ပုံတင်သည့်ကာလမှ ရွေးကောက်ပွဲ ရလဒ်ကြေညာသည့် အချိန်ထိ စိန်ခေါ်မှုများစွာနှင့် ခွဲခြားဆက်ဆံမှုများကို တွေ့ကြုံခဲ့ရသည်။ ပါတီ ကိုယ်စားလှယ်များအနေဖြင့် သက်ဆိုင်ရာမိခင်ပါတီကြောင့် တိုက်ခိုက်ခံရသည်များ ကြုံတွေ့ခဲ့ရပြီး မဲဆွယ်ကာလတွင် မိမိ၏ မူဝါဒများထက် ပါတီ၏ မူဝါဒများအပေါ် ဦးစားပေး စည်းရုံးခဲ့ရသည်များ ရှိသည်။

အမျိုးသမီးကိုယ်စားလှယ်များ အမှန်တကယ် ရွေးကောက်ခံရပြီး ကိုယ်စားပြုနိုင်ရေးအတွက် အကြံပြုချက်များတွင် ၂၀၂၀ ရွေးကောက်ပွဲအထိ ကျင့်သုံးခဲ့သော ရွေးကောက်ပွဲစနစ်နှင့် မဲဆန္ဒနယ် ခွဲဝေသည့် ပုံစံများအား ပြန်လည်သုံးသပ်ရန်၊ နိုင်ငံရေးပါတီများတွင် ကျား၊မ တန်းတူညီမျှရေးကို ရှေးရှု သည့် ကတိကဝတ်၊ မူဝါဒများကို ပါတီလမ်းစဉ်တွင် ချမှတ်အကောင်ထည်ဖော်ရန်ပါဝင်သည်။

ထို့အပြင် အမျိုးသမီးအဖွဲ့အစည်းများအနေဖြင့် ထိရောက်သည့် ရွေးကောက်ပွဲ ပံ့ပိုးမှုများနှင့် အဆိုပြု ချက်များ ဖြစ်စေရန် ကွန်ယက်များတည်ဆောက်ရန်နှင့် အမျိုးသမီးများနိုင်ငံရေးတွင် ပါဝင်မှုအပေါ် အမှန်တကယ် မူချမှတ် ဆောင်ရွက်နေသော ပါတီများနှင့် မိတ်ဖက်ဖွဲ့စည်း၍ ပူးပေါင်းဆောင်ရွက်ရန် အကြံပြုထားသည်။

# ၂၀၂၁ စစ်အာဏာသိမ်းမှုနှင့် ပတ်သက်၍ ၂၀၂၀ ရွေးကောက်ပွဲဝင် အမျိုးသမီးကိုယ်စားလှယ်များ၏ အသံ

## နိဒါန်း

ရွေးကောက်ခံဒီမိုကရေစီ ဆယ်စုနှစ် တစ်စုစာ ကျင့်သုံးပြီးနောက် ဖေဖော်ဝါရီလ (၁)ရက်နေ့ အာဏာသိမ်းမှုသည် စစ်အုပ်ချုပ်ရေးအား ပြန်လည်အသက်သွင်းခြင်းဖြစ်ပြီး ယခင် အမျိုးသမီးများအပေါ် ကျူးလွန်ခဲ့သည့် စစ်အုပ်စု၏ အကြမ်းဖက်မှု၊ လူ့အခွင့်အရေးချိုးဖောက်မှု၊ ခွဲခြားဆက်ဆံမှုများကို အရေးမယူသည့်အပြင် ဆက်လက် ကျူးလွန်သွားမည့် လက္ခဏာလည်း ဖြစ်သည်။ ဖေဖော်ဝါရီလ (၁) ရက်နေ့ အာဏာသိမ်းမှုအပြီးတွင် လွှတ်တော်၊ အစိုးရအဖွဲ့နှင့် ရွေးကောက်ပွဲကော်မရှင်အား ဖျက်သိမ်းခဲ့သည့်အပြင် ၎င်းနှင့်အတူ ၂၀၂၀ ရွေးကောက်ပွဲ ရလဒ်များကို ပယ်ဖျက်ခဲ့ပြီး တရားဝင်ရွေးကောက်ခံ အမျိုးသမီးများ၏ အခွင့်အရေးနှင့် ရပိုင်ခွင့်များကို ဥပဒေနှင့် မလျော်ညီစွာ အလွယ်တကူဖျက်သိမ်းခဲ့သည်။[2] ထို့နောက်တွင် အာဏာသိမ်းမှုကို ဆန့်ကျင်မည်ဟု ယူဆသည့် အင်အားစုများအား ဖြိုခွင်းခြင်း၊ မဆန့်ကျင်မည့်အင်အားစုများနှင့် ပူးပေါင်းခြင်းစသည့် သွေးခွဲအုပ်ချုပ်ခြင်း နည်းနာများကို ဆက်လက်ကျင့်သုံး၍ ၎င်းတို့ လိုလားသည့် နိုင်ငံရေးအင်စတီကျူးရှင်းများကို စိတ်တိုင်းကျ ပုံဖော်ခြင်းတို့ကို ဆက်လက်လုပ်ဆောင်ခဲ့သည်။

အာဏာသိမ်းမှုအပြီးတွင် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ (နစက) အဖြစ်ပြောင်းလဲဖွဲ့စည်း၍ ပြည်ထောင်စုနှင့် ပြည်နယ်အုပ်ချုပ်ရေးများတွင် နိုင်ငံရေးပါတီအချို့အားပါဝင်ရန်ဖိတ်ခေါ်ခဲ့ပြီး ပါတီများအကြား ကွဲပြားစေခဲ့သည်။ နစကမှ ရွေးကောက်ပွဲကော်မရှင်အသစ်ခန့်ကာ ရွေးကောက်ပွဲ အသစ်ပြန်လည်ကျင်းပမည်ဆိုသည့် လမ်းပြမြေပုံအတိုင်းဆက်လက် အကောင်အထည်ဖော်ရန် ကြိုးစားခဲ့သည်။[3] ထိုရွေးကောက်ပွဲကော်မရှင် အသစ်မှ ပါတီအသုံးစားရိတ်များအား စိစစ်လျှက်ရှိပြီး ပါတီအရေတွက် လျှော့ချရန် အသံပစ်ထားသည်။ တစ်မဲသာအနိုင်ရစနစ် (FPTP) မှ အချိုးကျကိုယ်စားပြုစနစ် (PR) သို့ ရွေးကောက်ပွဲစနစ် ပြောင်းလဲကျင့်သုံးရန် လုပ်ဆောင်လျှက်ရှိပြီး ပါတီများအကြားထပ်မံ ကွဲပြားစေခဲ့သည်။ တစ်ပြိုင်တည်းတွင် လူထုဆန္ဒနှင့် ပိုမိုနီးစပ် ထင်ဟပ်သော နိုင်ငံရေးဦးဆောင်မှုပေးရန် ၂၀၂၀ ရွေးကောက်ခံကိုယ်စားလှယ်များ (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (NLD) နှင့် ပါတီအချို့မှ ကိုယ်စားလှယ်များ) ပါဝင်၍ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH) နှင့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) အား ဖွဲ့စည်းထားသည်။

---

2 ရွေးကောက်ပွဲရလဒ်များကို ၂၀၂၁ ခုနှစ် ဂျူလိုင်လတွင် ဖျက်သိမ်းခဲ့သည်။

3 နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်၊

တစ်ဖက်တွင်လည်း စစ်အာဏာသိမ်းမှုအား တုန့်ပြန်ရန် အမျိုးသမီးကိုယ်စားလှယ်အချို့ အပါအဝင် အသက်အရွယ် ပေါင်းစုံ၊ အလွှာပေါင်းစုံ၊ လူမျိုးစုံ၊ ဘာသာစုံပါဝင်သော အမျိုးသမီးများနှင့် လူထုတစ်ရပ်လုံး သည် ငြိမ်းချမ်းစွာ ဆန္ဒကျင်ဆန္ဒပြခဲ့ကြသည်။ ထိုဆန့်ကျင် ဆန္ဒပြမှုများသည် အကြမ်းဖက်ဖြိုခွင်းခံရပြီး၊ တက်ကြွလှုပ်ရှားသူ အမျိုးသမီးများ၊ သတင်းထောက်အမျိုးသမီးများ၊ လူထုအားစည်းရုံးနိုင်သူ အနုပညာရှင်များ၊ ကျောင်းသားသမဂ္ဂအဖွဲ့ဝင် (သို့မဟုတ်) ဦးဆောင်သူ အမျိုးသမီးများ၊ ပါတီအဖွဲ့ဝင် အမျိုးသမီးများ ပစ်မှတ်ထား ဖမ်းဆီး ညှင်းပန်း နှိပ်စက်ခံခဲ့ရသည်။[4] နိုင်ငံရေး အကျဉ်းသားများ ကူညီစောင့်ရှောက်ရေး အသင်း (AAPP) နှင့် မြန်မာ့အမျိုးသမီးသမဂ္ဂမှ ကောက်ယူထားသည့် စာရင်းများအရ ဖေဖော်ဝါရီလ (၁) ရက်မှ စက်တင်ဘာလ (၃၀) ရက်ထိ ဖမ်းဆီးထိန်းသိမ်းခံထားရသူ အမျိုးသမီးပေါင်းမှာ (၁,၆၂၇) ဦး၊ ထောင်ဒဏ်ချမှတ်ခံထားရသူ အမျိုးသမီးပေါင်းမှာ (၅၇) ဦးနှင့် သတ်ဖြတ်ခံရသူ အမျိုးသမီးပေါင်း (၇၈) ဦး ရှိသည်။[5] ဖော်ပြပါ CRPH နှင့် NUG တွင် ပါဝင်သူများ၊ ဆက်စပ်သူများနှင့် ဆက်စပ်သည်ဟု သံသယရှိသူများ၊ ၎င်းတို့၏ မိသားစုများဝင်များမှာ မြန်မာစစ်တပ်၏ ပစ်မှတ်ထားခြင်းကို ခံရသည်။ အဆိုပါ နောက်ခံအခင်းအကျင်းတွင် ၂၀၂၀ ရွေးကောက်ပွဲဝင် အမျိုးသမီးကိုယ်စားလှယ်များ၏ စစ်အာဏာသိမ်းမှုအပေါ် အမြင်သဘောထား၊ ၎င်းတို့အပေါ် ရိုက်ခတ်မှုများ၊ လက်ရှိတွင် ပါဝင်လှုပ်ရှားဆောင်ရွက်နေမှုများနှင့် အမျိုးသမီးများ၏ နိုင်ငံရေးကဏ္ဍအပေါ် အမြင်သဘောထားများနှင့်ပတ်သက်၍ အမျိုးသမီးကိုယ်စားလှယ်များ၏ အသံများကို စုစည်းဆွေးနွေးတင်ပြထားသည်။

# တွေ့ရှိချက်များ

## ၁။ ၂၀၂၀ ရွေးကောက်ပွဲဝင် အမျိုးသမီးကိုယ်စားလှယ်များသည် စစ်အာဏာသိမ်းမှုအပေါ် ကိုယ်ပိုင်အမြင်များ ရှိသော်လည်း ပါတီအဖွဲ့ဝင် အမျိုးသမီးများ ကိုယ်စားလှယ်များမှာ ၎င်းတို့ ကိုယ်စားပြုသော မိခင်ပါတီ၏ ရပ်တည်ချက်၊ ဆုံးဖြတ်ချက်များအတိုင်း ရပ်တည်ဆောင်ရွက်ကြသည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ (၁) ရက်နေ့ စစ်အာဏာသိမ်းမှုအပြီးတွင် နိုင်ငံတော်အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေး ကောင်စီ (နစက)အား ဖွဲ့စည်းကာ နိုင်ငံရေးပါတီတချို့အား ထိုကောင်စီတွင် ပါဝင်ရန် ဖိတ်ခေါ်ခဲ့သည်။ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် နိုင်ငံရေးပါတီ (၉၁) ခုအနက် ရွေးကောက်ပွဲတွင် လုံးဝအနိုင်မရခဲ့သည့် ပါတီ (၂)ခု နှင့် ရွေးကောက်ပွဲတွင် အနည်းဆုံး တစ်နေရာ အနိုင်ရခဲ့သည့် ပါတီ (၄) ခုတို့သည် စစ်ကောင်စီတွင် ပါဝင်ခဲ့သည်။[6] မြန်မာစစ်တပ်မှ ခေါင်းဆောင်များ၏ ဖိတ်ခေါ်မှုဖြင့် ရွေးကောက်ခံမဟုတ်သော ပုဂ္ဂိုလ်များ၊ ပါတီ ကိုယ်စားလှယ်များသည် ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်အဆင့် အုပ်ချုပ်ရေးကောင်စီများတွင် ပါဝင်နေသကဲ့သို့ ဝန်ကြီးဌာနများတွင် တာဝန်ယူဆောင်ရွက်လျက်ရှိသည်။[7] တဖက်တွင်

4 ဖေဖော်ဝါရီလ (၉)ရက်နေ့တွင် ၁၉ နှစ်အရွယ် မြသွဲ့သွဲ့ခိုင်သည် ဦးခေါင်းအားကျည်အစစ်ဖြင့် ပစ်ခတ်ခံရပြီး ကျဆုံးခဲ့သည်။

5 မြန်မာ့အမျိုးသမီးများ သမဂ္ဂ၊ ၂၀၂၁ ခုနှစ် ဇူလိုင်မှ စက်တင်ဘာလ သုံးလတာ အမျိုးသမီးများဆိုင်ရာ သတင်းသုံးသပ်ချက်၊ ၀၇.၁၀.၂၀၂၁။

6 ၂၀၂၀ ရွေးကောက်ပွဲတွင် လုံးဝအနိုင်ရခြင်း မရှိခဲ့သော်လည်း နစကတွင် ပါဝင်တာဝန်ယူထားသောပါတီများမှာ - အမျိုးသားဒီမိုကရက်တစ် အင်အားစုပါတီ၊ အမျိုးသားဒီမိုကရေစီပါတီသစ်ပါတီတို့ဖြစ်သည်။

7 ပြည်သူ့ရှေ့ဆောင်ပါတီမှ ဒေါ်သက်သက်ခိုင်သည် ၂၀၂၀ ရွေးကောက်ပွဲတွင် မဲရလဒ်ပေါင်း (၇၇၁၂) မဲရရှိပြီး ပြိုင်ဘက်ကိုယ်စားလှယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ဒေါ်မေဝင်းမြင့်ကို (၈၃၃၈၄) မဲအကွာဖြင့်ရှုံးနိမ့်ခဲ့သည်။ လက်ရှိတွင် လူမှုကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ပြည်ထောင်စုဝန်ကြီးအဖြစ် ဆောင်ရွက်နေသည်။

စစ်အာဏာသိမ်းမှုအား ပြင်းပြင်းထန်ထန် ကန့်ကွက်၍ နစကနှင့် သော်လည်းကောင်း အသစ်ခန့်အပ်သော ရွေးကောက်ပွဲကော်မရှင်နှင့်သော်လည်းကောင်း ပူးပေါင်းဆောင်ရွက်ခြင်း မပြုသော ပါတီများနှင့် ဆန့်ကျင်၍သော်လည်းကောင်း ပူးပေါင်း၍သော်လည်းကောင်း မပြုဘဲ ပါတီမှတ်ပုံတင် မပျက်ယွင်းစေရန် ပိုနေမြဲ၊ ကျားနေမြဲ အတိုင်းနေ၍ အခြေအနေ စောင့်ကြည့်နေသော ကြားနေပါတီများရှိသည်။ ပါတီများ၏ အဆိုပါ ရပ်တည်ချက် အသီးသီးနှင့်ပတ်သက်၍ ပါတီတွင်းသဘောထား ကွဲလွဲမှုများရှိပြီး၊ အချို့ ပါတီများ တွင် အဖွဲ့ဝင်အဖြစ်မှ နှုတ်ထွက်ခြင်းမျိုး ရှိသည်။[8]

ယခုစာတမ်းတွင် မေးမြန်းခဲ့သော ပါတီအဖွဲ့ဝင် အမျိုးသမီးကိုယ်စားလှယ်များမှာ စစ်အာဏာသိမ်းမှုအပေါ် ကိုယ်ပိုင်အမြင် ယူဆချက်များရှိသော်လည်း သက်ဆိုင်ရာ မိခင်ပါတီ၏ ရပ်တည်ချက်အတိုင်း ရပ်တည် ဆောင်ရွက်ကြသည်။ နစက၏ ပြည်နယ်အုပ်ချုပ်ရေးတွင် ပါဝင်ဆောင်ရွက်နေသော အမျိုးသမီးကိုယ်စား လှယ်တစ်ဦးက "ရှင်းရှင်းပြောရရင် ဘယ်သူမှအာဏာသိမ်းတာကို မကြိုက်ပါဘူး။ တတိယမြန်မာနိုင်ငံ တည်ထောင်ကတည်းက လက်နက်အားကိုးနဲ့အမြဲတမ်း အနိုင်ကျင့်ခဲ့တာ၊ ကျွန်မတို့အတွက်တော့ ဘယ်လို မှ အဆင်မပြေဘူး" ဟုဆိုသည်။[9] ပြည်နယ်များတွင် ယခင်ကတည်းမှ ပဋိပက္ခများစွာရှိခဲ့ပြီး၊ ပြည်နယ်သူ/ သား များမှာ ပဋိပက္ခအကျိုးဆက်နှင့် ဖိအားများကို ရင်ဆိုင်ခံစားခဲ့ရသဖြင့် တွန်းလှန်ချင်စိတ် ပိုများသည်။ ပြည်နယ်အခြေပြု ကြားနေပါတီတစ်ခုမှ အခြားအမျိုးသမီးကိုယ်စားလှယ်တစ်ဦးက "စစ်အုပ်ချုပ်ရေးကို နဂိုကတည်းက မကြိုက်ဘူး၊ ကျွန်မတို့ တိုင်းရင်းသားတွေအနေနဲ့ ဘယ်တုန်းကမှ မကြိုက်ခဲ့တဲ့ အနေ အထား၊ အခုတော့ ပိုဆိုးတာပေါ့" ဟုဆိုသည်။[10] သို့သော် အမျိုးသမီးကိုယ်စားလှယ်အများစုသည် ပါတီ သဘောထားနှင့် မဆန့်ကျင်ဘဲ ပါတီမူအတိုင်းလှုပ်ရှားကြသည်။

**၂။ ယခုစာတမ်းအတွက် မေးမြန်းခဲ့သော အမျိုးသမီးကိုယ်စားလှယ်များအားလုံး သည် စစ်အာဏာသိမ်းမှုအား လုံးဝမကြိုက်သော်လည်း၊ မည်သို့ တုန့်ပြန်မည်ဆို သည့် အချက်မှာ ၎င်းတို့ ဖြတ်သန်းခဲ့သော ရွေးကောက်ပွဲ အတွေ့အကြုံများ၊ နိုင်ငံရေးအတွေ့ကြုံများနှင့် အာဏာသိမ်းမှု မည့်သည့်အတွက်ကြောင့် ဖြစ်ရ သည် ဆိုသည်ကို ၎င်းတို့တစ်ဦးချင်း ရှုမြင်သဘောပေါက်မှုပေါ်တွင် မူတည်နေ ပါသည်။**

စစ်အာဏာသိမ်းမှုအား မလိုလားသော်လည်း နိုင်ငံရေးအကြပ်အတည်းဖြစ်ပေါ်ရသည့် အကြောင်းရင်း လေ့လာ ဆန်းစစ်မှုများတွင် အမျိုးသမီးကိုယ်စားလှယ်အချို့သည် ရွေးကောက်ပွဲကာလအား ဖြတ်သန်း ယှဉ်ပြိုင်ခဲ့ရသူများ ဖြစ်သည့်အလျောက် စစ်အာဏာသိမ်းမှုနှင့် ရွေးကောက်ပွဲ ပြဿနာများသည် ဆက်စပ်မှုရှိ နေသည်ဟု နားလည် ယူဆကြသည်။ ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများနှင့် မကျေလည်မှုများကို ဖြေ ရှင်းခဲ့လျှင်၊ သက်ဆိုင်ရာ ခေါင်းဆောင်များအကြား ပြေလည်အောင်ညှိနှိုင်းခဲ့လျှင် စစ်အာဏာသိမ်းမှုကို ရှောင်ရှားနိုင်မည်ဟူသော ရှုမြင် သဘောပေါက်မှုများရှိသည်။ မဲဆန္ဒနယ်တွင် ကိုယ်စားမဲပေးမှုများ ကြုံတွေ့ခဲ့ရသော ကိုယ်စားလှယ်အချို့က မဲရလဒ်များအား တိုက်ဆိုင်စစ်ဆေးခွင့် ပြုလိုက်လျှင် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (NLD) သည်လည်း ဆက်လက်နိုင်ဦးမည်ဖြစ်သကဲ့သို့ သံသယများလည်း ရှင်းသွားပြီး ပြဿနာအားလျှော့ချနိုင်ခဲ့မည်ဟု ရှုမြင်ကြသည်။ "ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်က တဖက်က တောင်းဆိုနေတဲ့အတိုင်း မဲစာရင်းတွေကို ချပြခဲ့ရမှာ" ဟု ကိုယ်စားလှယ်တစ်ဦးကဆိုသည်။[11]

---

8 စစ်ကောင်စီနှင့် ပူးပေါင်းသဖြင့် ANP မှ လွှတ်တော်ကိုယ်စားလှယ်ဟောင်းတစ်ဦး ထပ်မံနှုတ်ထွက်၊ The Voice Journal။ အာဏာသိမ်းစစ်ကောင်စီ၏ ကော်မရှင်နှင့် တွေ့ပြီးနောက် ပြည်သူ့ပါတီမှ နုတ်ထွက်သူများလာ၊ Myanmar Now။

9 တွေ့ဆုံမေးမြန်းမှု၊ ၁၀.၁၀.၂၀၂၁။

10 တွေ့ဆုံမေးမြန်းမှု၊ ၁၀.၁၁.၂၀၂၁။

11 တွေ့ဆုံမေးမြန်းမှု၊ ၂၇. ၁၁. ၂၀၂၁။

ရွေးကောက်ပွဲသည် ရာနှုန်းပြည့် လွတ်လပ်မျှတမှု မရှိသော်လည်း ရွေးကောက်ပွဲ ရလဒ်တစ်ခုလုံးအား ပယ်ဖျက်ရမည့်အထိ တဖက်စောင်းနင်းဖြစ်ခဲ့သည်မထင်ဟု ကိုယ်စားလှယ်တစ်ဦးက ဆိုသည်။[12]

ထို့အပြင် လူမျိုးစုအခြေပြု၊ ပြည်နယ်အခြေပြု ပါတီများမှ အမျိုးသမီးကိုယ်စားလှယ်အချို့ အနေဖြင့် ရွေးကောက်ပွဲသည် ပါတီကြီးနှစ်ပါတီ  အားပြိုင်ပွဲဖြစ်ပြီး မည်သူနိုင်သည်ဖြစ်စေ တိုင်းရင်းသားပြည်နယ်များအတွက် အမှန်တကယ်အခွင့်အလမ်းမရှိသည့်အတွက် အမျိုးသားရေးအမြင်နှင့်ကြည့်ပြီး တိုင်းရင်းသားအခွင့်အရေးအတွက် ဦးစားပေးဆောင်ရွက်ခြင်းသည် အကောင်းဆုံးဖြစ်သည်ဟူသော အမြင်များရှိသည်။ အမျိုးသမီးကိုယ်စားလှယ်တစ်ဦးက "သူတို့ အချင်းချင်းတည့်တည့်၊ မတည့်တည့် တိုင်းရင်းသားတွေပဲ အထိ နာတယ်။ နှစ်ဘက်စလုံးက အနိုင်ကျင့်တာပါပဲ။ အနုနည်းနဲ့ အကြမ်းနည်းပဲကွာတယ်" ဟုဆိုသည်။[13] "နှစ်ဘက်စလုံးက အတူတူပဲဆိုတော့ ကျွန်မတို့ ကိုယ့်ဒေသအတွက်ပဲ လုပ်တော့တာ။ အခုဆိုရင် အခြားပြည်နယ်တွေနဲ့ ယှဥ်ရင် ကျွန်မတို့ ဘက်မှာ အေးအေးချမ်းချမ်းရှိပါတယ်" ဟု အခြားကိုယ်စားလှယ်တစ်ဦးက ဆိုသည်။[14]

တဘက်တွင်လည်း အမျိုးသမီးကိုယ်စားလှယ် အချို့က စစ်အာဏာသိမ်းမှုသည် ကြိုတင်စီစဥ်မှုဖြစ်ပြီး ဒီမိုကရေစီ နောက်ကြောင်းပြန်လှည့်ခြင်းဟု နားလည်ယူဆသည်။ ၎င်းဖြတ်သန်းခဲ့သော နိုင်ငံရေး အတွေ့အကြုံအား ကိုးကား၍ အမျိုးသမီးကိုယ်စားလှယ်တစ်ဦးက "ပြည်သူ့အစိုးရ လက်ထက်ကပင် အဖက်ဖက်က အားနည်းချက်များကို အခွင့်ကောင်းယူပြီး ကြိုတင်စီမံမှု အားကောင်းကောင်းဖြင့် အစီအစဥ် တကျ လုပ်ဆောင်သည်မှာ သိသာသည်"ဟု ဆိုသည်။[15]

စစ်အာဏာသိမ်းမှု မည်သည့်အတွက်ကြောင့် ဖြစ်ရသည်ဆိုသော် နားလည်မှုအမျိုးမျိုးရှိသော်လည်း အမျိုးသမီးကိုယ်စားလှယ်အချို့အတွက်မူ မည်သို့တုန့်ပြန်မည်ဟု စိတ်ပိုင်းဖြတ်ထားပြီးဖြစ်သည်။ စစ်ဘောင်ကျယ်လာခြင်းသည် အတင်းအဓမ္မစေခိုင်းခြင်း၊ ဥပဒေဘောင်အပြင်မှ နိုင်ငံရေး၊ လူမှုရေးခေါင်းဆောင်များ၊ မကျေနပ်သူများ၊ နိုင်ငံရေးသံသယ ရှိသူများအပေါ် ပစ်မှတ်ထားသတ်ဖြတ်ခြင်း၊ ပစ္စည်းဥစ္စာနှင့် ပိုင်ဆိုင်မှုများအား ဖျက်ဆီးခြင်း၊ ဆက်ကြေးကောက်ခံခြင်း၊ ရွာလုံးကျွတ်ပြောင်းရွှေ့ရခြင်း၊ နှိပ်စက်ညှင်းပန်းမှုများနှင့် ကလေးစစ်သားများ ကောက်ယူစုဆောင်းခြင်းများနှင့် ဒွန်တွဲနေသည်။ အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးငယ်များသည် လိင်အကြမ်းဖက်မှုများကို စနစ်တကျ ပစ်မှတ်ထား ကျူးလွန်ခြင်းခံရသည်။ အမျိုးသမီး ကိုယ်စားလှယ်တစ်ဦးက "အာဏာရှင်က ဘယ်လောက်တရားမဲ့ ပြုကျင့်ကျင့်၊ ဘယ်လောက်အကြပ်အတည်းရှိရှိ ကျွန်မတို့က လုပ်စရာရှိတာ ဆက်လုပ်သွားမယ်"ဟု ဆိုသည်။[16]

လက်ရှိတွင် လက်နက်ကိုင်ပဋိပက္ခများ နေရာအနှံ့ဖြစ်ပွားနေပြီး စစ်အာဏာရှင်ဆန့်ကျင်မှု မြို့ပြပျောက်ကြား တိုက်ခိုက်မှုများလည်း ဖြစ်ပေါ်လျက်ရှိရာ အမျိုးသမီးကိုယ်စားလှယ်အများစုမှာ နိုင်ငံ၏ အလားအလာ အနာဂတ်အတွက် စိုးရိမ်လျက်ရှိသည်။ ထိုအကြပ်အတည်းမှ ထွက်နိုင်ရန် အမြန်ဆုံးဆွေးနွေးအဖြေရှာစေလိုသည့် ဆန္ဒများလည်း တွေ့ရသည်။ "တိုင်းပြည်ရဲ့အခြေအနေကတော့ လက်နက်ကိုင်စွဲပြီး အခွင့်အရေးတောင်းတာက ကျွန်မအမြင် မဖြစ်နိုင်ဘူး။ ဘယ်နည်းနဲ့ ချဥ်းကပ်ရမလဲဆိုတာကို အခြေခံကနားလည်ပြီး အမျိုးသမီးတွေလို စေ့စပ်ညှိနှိုင်းတတ်သူများများရှိဖို့လိုမယ်" ဟု အမျိုးသမီးကိုယ်စားလှယ်တစ်ဦးက ဆိုသည်။[17] အခြားကိုယ်စားလှယ် တစ်ဦးမှလည်း "တဖက်ဖက်ကို အပြီးသတ်ချေမှုန်းရေး ဆိုတာက ဘယ်လိုမှ မဖြစ်နိုင်ဘူးပေါ့နော်၊ လောလောဆယ်မှာ တိုင်းပြည်အရမ်းမနာအောင်ဘဲ နိုင်ငံရေးသမားတွေက အဖြေရှာဖို့လိုတယ်" ဟုဆိုသည်။[18] စစ်အာဏာသိမ်းမှုအား ဆန့်ကျင်လှုပ်ရှားနေသည့် အမျိုးသမီး

12 တွေ့ဆုံမေးမြန်းမှု၊ ၀၆.၁၁.၂၀၂၁။

13 တွေ့ဆုံမေးမြန်းမှု၊ ၂၄. ၀၉. ၂၀၂၁။

14 တွေ့ဆုံမေးမြန်းမှု၊ ၁.၁၀.၂၀၂၁။

15 တွေ့ဆုံမေးမြန်းမှု၊ ၁၉.၁၁.၂၀၂၁။

16 တွေ့ဆုံမေးမြန်းမှု၊ ၂၄.၀၉.၂၀၂၁။

17 တွေ့ဆုံမေးမြန်းမှု၊ ၂၇. ၁၁.၂၀၂၁၊

18 တွေ့ဆုံမေးမြန်းမှု၊ ၀၆.၁၁.၂၀၂၁။

ကိုယ်စားလှယ်တစ်ဦးက “ကျွန်မတို့ တတ်နိုင်သမျှ နည်းပေါင်းစုံ ပေါင်းစပ်ပြီး တိုက်ပွဲဝင်နေရမယ်၊ တဖက်နဲ့ ဆွေးနွေးရတဲ့အချိန် တစ်ချိန်တော့ ရှိကောင်း ရှိလာနိုင်တယ်။ ကျွန်မတို့က အပေါ်စီးက ဆွေးနွေးလို့ရတဲ့ အခြေအနေမျိုးဖြစ်ဖို့တော့ လိုတယ်” ဟုဆိုသည်။[19]

## ၃။ ၂၀၂၀ ရွေးကောက်ပွဲဝင် အမျိုးသမီးကိုယ်စားလှယ်များသည် အခြားသော ကဏ္ဍ၊ အလွှာအသီးသီးမှ အမျိုးသမီးများနည်းတူ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး၊ ကျန်းမာရေးနှင့် လုံခြုံရေး အကြပ်အတည်းဒဏ်ကို ခံစားရသည်။ ထိုအကြပ်အတည်းများရှိသော်လည်း မေးမြန်းခဲ့သော အမျိုးသမီးကိုယ်စားလှယ်အားလုံးမှာ မိမိ၏ တစ်ဦးတစ်ယောက် လုပ်ပိုင်ခွင့်ထဲမှ ပံ့ပိုးကူညီနိုင်သည့် ကိစ္စရပ်များတွင် ကူညီပံ့ပိုးလျှက်ရှိသည်။

စစ်အာဏာသိမ်းမှုသည် အမျိုးသမီးများအားလုံးအပေါ် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးနှင့် လုံခြုံရေးအပါအဝင် အဖက်ဖက်မှ ရိုက်ခတ်မှုရှိခဲ့သည်။ စစ်အာဏာသိမ်းမှု ဆန့်ကျင်သည့် လှုပ်ရှားမှုများအား ဖြိုခွင်းရာတွင် အမျိုးသမီးကိုယ်စားလှယ်များမှာ လွယ်ကူသည့် နိုင်ငံရေးပစ်မှတ် ဖြစ်လာသည်။ အမျိုးသမီး ကိုယ်စားလှယ်များသည် ၎င်းတို့ကိုယ်စားပြုသော ပါတီများကြောင့် ပစ်မှတ်ထား တိုက်ခိုက်ခံရသည်ကို ၂၀၂၀ ရွေးကောက်ပွဲ မဲဆွယ်ကာလများကတည်းမှ သက်သေသာဓကများရှိခဲ့သည်။[20] စစ်အာဏာသိမ်းမှု ဆန့်ကျင်သည့် လှုပ်ရှားမှုများကို ဖြိုခွင်းသည့်အချိန်မှစ၍ အမျိုးသမီးကိုယ်စားလှယ်များမှာ စောင့်ကြည့် ဖမ်းဆီးခံရသည်။ အထူးသဖြင့် NLD အဖွဲ့ဝင် (သို့မဟုတ်) ရွေးကောက်ပွဲဝင်ကိုယ်စားလှယ် (သို့မဟုတ်) NLD အစိုးရသက်တမ်းတွင် တာဝန်ယူခဲ့သူ၊ ရွေးကောက်ပွဲဝင်ခဲ့သူဖြစ်ပါက အကြောင်းပြချက်များစွာဖြင့် ဖမ်းဆီးအရေးယူခြင်း၊ သတ်ဖြတ်ခံရခြင်းနှင့် နေအိမ်ပိုင်ဆိုင်မှုများ ချိတ်ပိတ်ခံရခြင်းတို့ တွေ့ကြုံရသည်။ အာဏာသိမ်းမှုအား တရားဝင်စာထုတ် ကန့်ကွက်ထားသကဲ့သို့ အာဏာသိမ်းမှု ဆန့်ကျင်ရေးလှုပ်ရှားမှုများတွင် ကျယ်ကျယ်လောင်လောင် အသံထွက်သည့် ပါတီမှ အမျိုးသမီးကိုယ်စားလှယ်များသည်လည်း လုံခြုံရေးအတွက် ရှောင်တိမ်းဆောင်ရွက်နေသည်။ အမျိုးသမီးကိုယ်စားလှယ်တစ်ဦး က “ကျွန်မတို့ပါတီက NLD ပြီးရင် ဒုတိယအညှိုးခံရဆုံး ပါတီလိုဖြစ်နေတယ်။ ပါတီကိုလည်း ဖျက်ဝင်တယ်၊ ကျွန်မအိမ်ကိုလာရှာတာလည်း နှစ်ခါရှိပြီ” ဟု ဆိုသည်။[21] အလားတူ အာဏာသိမ်းမှုဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် ပါဝင်သည်ဖြစ်စေ၊ မပါဝင်သည်ဖြစ်စေ နိုင်ငံရေးလှုပ်ရှားမှု သမိုင်းကြောင်းရှိသူ အမျိုးသမီးကိုယ်စားလှယ်များမှာ နိုင်ငံရေး သံသယဖြင့် အလွယ်တကူ ဖမ်းဆီးအရေးယူခံရနိုင်သည်။ အမျိုးသမီးကိုယ်စားလှယ်တစ်ဦးက ဈေးဝယ်သွားရာ အနီးတွင် ဗုံးပေါက်ကွဲမှု ဖြစ်သဖြင့် နိုင်ငံရေးအရ ယိုးစွတ်ခံရမည် စိုးရိမ်၍ ဈေးမဝယ်ဘဲ ပြန်လာခဲ့သည် ဟုဆိုသည်။[22] လူမှားရှိ၍သော် လည်းကောင်း၊ နိုင်ငံရေးသံသယဖြင့် သော်လည်းကောင်း အိမ်တွင်လာရောက် ရှာဖွေခြင်းမျိုး ကြုံတွေ့ရပြီး၊ အဖက်ဖက်မှ စောင့်ကြည့်ခံနေရသည့် အခြေအနေမျိုးရှိနေသည်ဟု ကိုယ်စားလှယ် အချို့က ဆိုသည်။ [23]

စစ်အာဏာသိမ်းမှုအပေါ် မိခင်ပါတီ၏ တုန့်ပြန်မှုများအပေါ်မူတည်၍ အမျိုးသမီးကိုယ်စားလှယ်များတွင် လူမှုရေး ထိခိုက်မှုများရှိသည်။ မိမိနှင့် အမြင်မတူသော အဖက်ဖက်မှ လူမှုရေးဖိအားများပေးခြင်း၊ လူမှုရေး ပြစ်ဒဏ်ပေးခြင်း၊ ဆက်ဆံရေး ဖြတ်တောက်ခြင်း၊ ရှောင်ဖယ်ခြင်း စသည်များကို ခံစားရသည်။ အမျိုးသမီးကိုယ်စားလှယ်တစ်ဦးက အာဏာထိန်းသိမ်းလိုက်သည့်အတွက် အမြင်မတူ ဝါဒကွဲပြီး အသင်းအဖွဲ့များ၊

19 တွေ့ဆုံမေးမြန်းမှု၊ ၂၄.၀၉.၂၀၂၁။

20 ၂၀၂၀ ရွေးကောက်ပွဲဝင်အမျိုးသမီးများ၏ အသံ အစီရင်ခံစာ ၁။

21 တွေ့ဆုံမေးမြန်းမှု၊ ၂၄.၀၉.၂၀၂၁။

22 တွေ့ဆုံမေးမြန်းမှု၊ ၂၄.၀၉.၂၀၂၁။

23 တွေ့ဆုံမေးမြန်းမှု၊ ၄.၁၁.၂၀၂၁။

အုပ်စုများကွဲပြားသွားပြီး တစ်ယောက်နဲ့တစ်ယောက် ယုံကြည်မှုများ လျော့နည်းသွားသည် ဟုဆိုသည်။[24] အခြားကိုယ်စားလှယ် တစ်ဦးက ၎င်း၏ လုံခြုံရေးအတွက် "နှစ်ဖက်စလုံးကို တည့်အောင်ပေါင်း၊ နှစ်ဖက်စလုံးကို ပြုံးပြနေရတဲ့ အခြေအနေပါပဲ" ဟု ဆိုသည်။[25] အလားတူပင် အမျိုးသမီးကိုယ်စားလှယ်တစ်ဦးက လူမှုရေးပြဿနာများနှင့် ပါတီလုပ်ငန်းများအကြားတွင် မိမိကိုယ်ကို ထိန်းချုပ်ထားရသည့် အခြေအနေဖြစ်ပြီး "ကိုယ့်စိတ်ကို လော့ခ်ေါင်းချထားရတယ်"ဟုဆိုသည်။[26] လုံခြုံရေးအခြေနေ၊ လူမှုရေးပြစ်ဒဏ်များနှင့် သက်ဆိုင်ရာပါတီ၏ ရပ်တည်ချက်များအကြား  မိမိအမြင်များကို မထုတ်ဖော်မပြောဆိုရဲ လောက်အောင်ဖြစ်ရသည်ဟု ကိုယ်စားလှယ်တစ်ဦးက ဆိုသည်။[27] အဆိုပါအချက်သည် အမျိုးသမီးကိုယ်စားလှယ်များ အများပြည်သူ ပါဝင်ဆွေးနွေးဖလှယ်ကြသည့် အဝန်းအဝိုင်း (public sphere) မှ ပျောက်ကွယ်သွားရသည့် အကြောင်းရင်းတစ်ခုလည်း ဖြစ်နိုင် ပါသည်။

၂၀၂၀ ရွေးကောက်ပွဲတွင် အမျိုးသမီးကိုယ်စားလှယ်များသည် စိန်ခေါ်မှုများစွာအတွင်းမှ ယှဉ်ပြိုင်ခဲ့ရသည်။[28] ရွေးကောက်ပွဲတွင် အနိုင်ရရှိစေရန် ကြိုတင်ပြင်ဆင်မှုများ၊ အချိန်နှင့် ငွေအား ရင်းနှီးမြှုပ်နှံမှုများစွာ ပြုလုပ်ခဲ့ရသည်။ သို့သော် အဆိုပါ ကြိုးစားအားထုတ်မှုများ အချည်းနှည်း ဖြစ်ခဲ့သည့်အပြင် ပြေးလွှားပုန်းခိုနေရသည့် အခြေအနေ၊ မိမိမဲဆန္ဒနယ်အား အကာအကွယ်မပေးနိုင်သည့်အခြေအနေများသည် အမျိုးသမီးကိုယ်စားလှယ်များအပေါ်တွင် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများရှိသည်။ ရွေးကောက်ပွဲတွင်အနိုင်ရခဲ့သူ ကိုယ်စားလှယ်တစ်ဦးက ပြည်သူလူထုအား ကတိပေးခဲ့သော်လည်း ၎င်းတို့လိုအပ်နေသည့် အချိန်တွင် မလုပ်ပေးနိုင်သည့်အတွက် မျက်နှာပြရန် ရှက်ရွံ့အားငယ်မိသည်ဟု မျှဝေခဲ့သည်။[29] အလားတူနိုင်ငံရေး တက်ကြွလှုပ်ရှားသူ၊ ပါတီနှင့် ရွေးကောက်ပွဲဝင် အမျိုးသမီးကိုယ်စားလှယ်တစ်ဦးက ၎င်းမျက်စိရှေ့တွင်ဖြစ်ပေါ်နေသော လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် အကာအကွယ်မပေးနိုင်တော့သည့်အပေါ်၊ ထုတ်ဖော် ပြောဆိုနိုင်ခြင်း မရှိတော့သည့်အပေါ် အလွန်စိတ်မကောင်း ဖြစ်ရသည်ဟုဆိုသည်။[30]

စစ်အာဏာသိမ်းမှုသည် အမျိုးသမီးများ၏ နိုင်ငံရေးခံယူချက်၊ အမျိုးသမီးများ၏ ဦးဆောင် နိုင်စွမ်းနှင့် နိုင်ငံရေးစိတ်ဓါတ်များကို အာဏာစက်ဖြင့် ရိုက်ချိုးခြင်းဖြစ်သည်ဟု ကိုယ်စားလှယ်တစ်ဦးက ဆိုသည်။[31] "နိုင်ငံရေးအရဆိုရင် အမျိုးသမီးတွေ ပါဝင်လာဖို့အတွက် ငါးနှစ်၊ ဆယ်နှစ်ထိ ကြိုးစားလာခဲ့ပြီးမှ ဒီလိုမျိုးပါဝင်ခွင့်ရတဲ့ အချိန်မှာ အမျိုးသမီးကိစ္စ၊ အမျိုးသမီးအခွင့်အရေးတွေ၊ ကိုတာကိစ္စတွေကို လုပ်ခွင့်ရနေချိန်မှာ ရိုက်ချိုးခံလိုက်ရတယ်လို့ ခံစားရတယ်" ဟု ရွေးကောက်ပွဲအနိုင်ရ အမျိုးသမီးကိုယ်စားလှယ် တစ်ဦးက ဆိုသည်။[32] စား၊ဝတ်၊နေရေးအခြေခိုင်ပါမှ အမျိုးသမီးများသည် နိုင်ငံရေးနှင့် လူမှုရေးစသည် အများပြည်သူ ပါဝင်ဆွေးနွေး ဖလှယ်ကြသည့် အဝန်းအဝိုင်း (public sphere) တွင် ပါဝင်လုပ်ဆောင်နိုင်ကြသည်ဖြစ်၍ နိုင်ငံရေး အကြပ်အတည်းနှင့်အတူ တဖြည်းဖြည်း ယိုယွင်းလာသော စီးပွားရေးသည် အမျိုးသမီးများ၏ စီးပွားရေး အခြေအနေ၊ နောက်ဆက်တွဲဖြစ်သည့် နိုင်ငံရေးတွင် ပါဝင်နိုင်မှုအား ကန့်သတ်လျက်ရှိသည်။ အမျိုးသမီးကိုယ်စားလှယ် တစ်ဦးက ပါတီများတွင် ရန်ပုံငွေများမရှိဘဲ၊ အမျိုးသမီးများမှာ မိမိစရိတ်ဖြင့် မိမိရွေးကောက်ပွဲဝင်ကြရသည့်အတွက် စီးပွားရေးတောင့်တင်းမှု မရှိသည့် အကြောင်းအရင်းသည် ၂၀၂၀ ရွေးကောက်ပွဲတွင် အမျိုးသမီးများစွာ မပါဝင်နိုင်ရန် အဟန့်တားဖြစ်စေခဲ့သည့် အချက်ဟုဆိုသည်။[33] လက်ရှိတွင်လည်း ၂၀၂၀ ရွေးကောက်ပွဲဝင် အမျိုးသမီးကိုယ်စားလှယ်အချို့မှာ ရွေးကောက်ပွဲကုန်ကျစရိတ်

---

24 တွေ့ဆုံမေးမြန်းမှု၊ ၄.၁၁.၂၀၂၁။

25 တွေ့ဆုံမေးမြန်းမှု၊ ၁၆.၁၁.၂၀၂၁။

26 တွေ့ဆုံမေးမြန်းမှု၊ ၁.၁၀.၂၀၂၁။

27 တွေ့ဆုံမေးမြန်းမှု၊ ၁၆.၁၁.၂၀၂၁။

28 ၂၀၂၀ ရွေးကောက်ပွဲဝင်အမျိုးသမီးကိုယ်စားလှယ်များ၏ အသံ အစီရင်ခံစာ (၁)။

29 တွေ့ဆုံမေးမြန်းမှု၊ ၂၄.၁၁.၂၀၂၁။

30 တွေ့ဆုံမေးမြန်းမှု၊ ၂၄.၁၁.၂၀၂၁။

31 တွေ့ဆုံမေးမြန်းမှု၊ ၁၉.၁၁.၂၀၂၁။

32 တွေ့ဆုံမေးမြန်းမှု၊ ၂၄.၁၁.၂၀၂၁။

33 တွေ့ဆုံမေးမြန်းမှု၊ ၂၇.၁၁.၂၀၂၁။

များစွာ ကုန်ကျခဲ့သည်ဖြစ်ရာ ထိုကုန်ကျစရိတ်များ ပြန်လည်ပေးဆပ်နိုင်ရေးအတွက် လက်ရှိတွင် ရှန်းကန် ရှာဖွေနေရဆဲ ဖြစ်သည်။

သို့သော်လည်း တွေ့ဆုံမေးမြန်းခဲ့သော အမျိုးသမီးကိုယ်စားလှယ်များအားလုံးမှာ အဆိုပါအကြပ်အတည်း များကြားထဲမှ တစ်ဦးတစ်ယောက်လုပ်ပိုင်ခွင့်ထဲမှ ပံ့ပိုးပါဝင်နေသည့် ကိစ္စရပ်များရှိပါသည်။ စစ်အာဏာ သိမ်းမှု ဆန့်ကျင်မှုလုပ်ငန်းများကြောင့် ဖမ်းဆီးခံရသောလူငယ်များအတွက် ဥပဒေအကာအကွယ်ရရှိရန် ပံ့ပိုးခြင်း၊ ရုံးကန္နားနှင့်ပတ်သက်၍ ဆောင်ရွက်ရသည့် ကိစ္စရပ်များတွင် ကူညီပေးခြင်း၊ စားဝတ်နေရေးနှင့် လုံခြုံရေး အခက်အခဲ ဖြစ်နေသော လူငယ်များ၊ အမျိုးသမီးများအတွက် တတ်နိုင်သည့်ပံ့ပိုးမှုများပေးခြင်း၊ ပဋိပက္ခ ဖြစ်ပွားရာ ဒေသများရှိ စစ်ဘေးရှောင်အမျိုးသမီး၊ ကလေးသူငယ်များ၏ကျန်းမာရေးနှင့် စားနပ် ရိက္ခာများအတွက် လိုအပ်သည့် ထောက်ပံ့မှုများ ပံ့ပိုးခြင်း၊ ကိုဗစ်ဖြစ်ပွားမှုနှင့် နိုင်ငံရေးအကြပ်အတည်း များကြောင့် လစ်ဟာသွားသည့် ပညာရေးကဏ္ဍတွင် ပံ့ပိုးခြင်း၊ နိုင်ငံရေးအကျပ်တည်းများအကြားတွင် လျစ်လျူရှု ထားရသကဲ့သို့ ဖြစ်နေသော အိမ်တွင်းအကြမ်းဖက်မှုနှင့် အမျိုးသမီးများကြုံတွေ့ရသည့် လိင်အကြမ်းဖက်မှုများနှင့်ပတ်သက်၍ အသိပညာပေးခြင်းစသည်တို့တွင် ပါဝင်ဆောင်ရွက်နေသည်ကို တွေ့ရသည်။ ရွေးကောက်ခံ ကိုယ်စားလှယ်များအနေဖြင့် ရွေးကောက်ခံ ကိုယ်စားလှယ်များအချင်းချင်း ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်း၊ ပြည်နယ်အတိုင်ပင်ခံ ကောင်စီများတွင် ပါဝင်ဆောင်ရွက်ခြင်းရှိသည်။ နစကနှင့် ပြည်နယ်အုပ်ချုပ်ရေးတွင် ကိုယ်စားပြုပါဝင်သည့် ပါတီမှ အမျိုးသမီးကိုယ်စားလှယ်များ အနေ ဖြင့် ငြိမ်းချမ်းရေး ဆွေးနွေးမှုဆိုင်ရာများနှင့် သက်ဆိုင်ရာ ဌာနများတွင် အကြံပေးအဖြစ် ပါဝင်ဆောင်ရွက် နေသည်များရှိသည်။

## ၄။ အမျိုးသမီးများကိုယ်စားလှယ်များအနေဖြင့် အမျိုးသမီးများ၏ နိုင်ငံရေးတွင် ပါဝင်မှုကို အကဲဖြတ်ရာတွင် တော်လှန်ရေးမျက်နှာစာနှင့် နိုင်ငံရေးမျက်နှာစာ ဟု ခွဲခြားရှုမြင်ကြပြီး၊ လက်ရှိတွင် နိုင်ငံရေးပါတီ အများစုမှာ လှုပ်ရှားမှုရပ်တန့် နေသကဲ့သို့၊ အမျိုးသမီးများ၏ နိုင်ငံရေးအခန်းကဏ္ဍမှာလည်း သုညသို့ ရောက် ရှိသွားသည်ဟု ရှုမြင်ကြသည်။

အမျိုးသမီးကိုယ်စားလှယ်အချို့သည် လက်ရှိနိုင်ငံရေးအခင်းအကျင်းအား တော်လှန်ရေးနှင့် နိုင်ငံရေး မျက်နှာစာ နှစ်ခုအဖြစ် ခွဲခြားရှုမြင်ပြီး၊ ပါတီနိုင်ငံရေးအား “မြို့ပြနိုင်ငံရေး” ဟု ရည်ညွှန်း၍ ရွေးကောက်ပွဲ နိုင်ငံရေးနှင့် ပါတီနိုင်ငံရေးအဖြစ် ဆက်နွယ်ရှုမြင်ကြသည်။ ပါတီများကိုလည်း ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဥ်ပြိုင်ရန်၊ မဲဆန္ဒနယ်များအား ကိုယ်စားပြုရန် မှတ်ပုံတင်ထားသော နိုင်ငံရေးအဖွဲ့စည်း တစ်ရပ်ဟု ရှုမြင်သည်။ ထို့အတွက်ကြောင့် အမျိုးသမီးကိုယ်စားလှယ်အချို့သည် အမျိုးသမီးများ၏ နိုင်ငံရေးတွင်ပါဝင်မှုကို အကဲဖြတ်ရာတွင် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဥ်ပြိုင် ကိုယ်စားပြုမည့် နိုင်ငံရေး သမားနှင့် တက်ကြွလှုပ်ရှားသူများဟု ခွဲခြားရှုမြင်သည်။ တက်ကြွလှုပ်ရှားသူများသည် ၎င်းတို့၏ လိုလား ချက်များကို အလျှော့အတင်းမလုပ်ဘဲ ရသည်အထိ နည်းမျိုးစုံဖြင့် တောင်းဆိုလှုပ်ရှားရသည့် သဘော သဘာဝရှိပြီး၊ နိုင်ငံရေးသမားများမှာ နိုင်ငံရေးအတွေးအခေါ် တစ်ခု၊ အကောင်အထည်ဖော်မည့် အစီအစဥ် တစ်ခုအပေါ် အခြေခံ၍ ရွေးကောက်ပွဲတွင် ဝင်ရောက် ယှဥ်ပြိုင်သူဖြစ်ပြီး၊ လိုချင်သည့် ရလဒ်ထွက်ရန် အလျှော့အတင်းလုပ်ရသည့် သဘောသဘာဝများ ရှိသည်။ ထိုသို့ ခွဲခြားရှုမြင်မှုများအရ အမျိုးသမီး ကိုယ်စားလှယ်များသည် တော်လှန်ရေးမျက်နှာစာတွင် အမျိုးသမီး တက်ကြွလှုပ်ရှားသူများ ဦးဆောင်ပါဝင် လျက် ရှိသော်လည်း နိုင်ငံရေးမျက်နှာစာတွင် အမျိုးသမီးများအရေးနှင့် အမျိုးသမီးအခန်းကဏ္ဍမှာ သုည အဆင့်သို့ ရောက်ရှိသွားသည်ဟု သုံးသပ်သည်။

လက်ရှိတွင် ပါတီလုပ်ငန်းအများစုမှာ အသက်မဝင်၊ ရပ်တန့်နေပြီး “အမျိုးသမီးအရေး” ကိစ္စများမှာလည်း ယခင်လို ကျယ်ကျယ်လောင်လောင် စုပေါင်းအင်အားဖြင့် မတောင်းဆိုနိုင်တော့သည့်အတွက် လုံးဝမေ့မှိန်

ဘေးရောက်သွားသည်ဟု ဆိုသည်။ ပါတီအများစုတွင် အမျိုးသမီးကော်မတီ သို့မဟုတ် အမျိုးသမီးတောင်ပံဟု သီးသန့်မရှိသည့်အတွက် ပါတီတွင်းအမျိုးသမီးကဏ္ဍများမှာ အားမကောင်းသည့်အပြင်၊ ပါတီရန်ပုံငွေနှင့် ပြင်ပ ပံ့ပိုးမှုများမရှိတော့သည့်အတွက် အမျိုးသမီးကဏ္ဍနှင့်ပတ်သက်၍ မည်သည့်အကြောင်းအရာခေါင်းစဉ်မှ လုပ်ဆောင်နိုင်ခြင်း မရှိတော့ဟုဆိုသည်။ အမျိုးသမီးကိုယ်စားလှယ်တစ်ဦးက ပါတီအတွင်းလှုပ်ရှားနေရသော်လည်း နိုင်ငံရေးအနေနှင့် မည်သည့်အခွင့်ရေးမှ မရကြောင်းကို ၎င်းက “ဒီအစိုးရနဲ့ဒီပါတီကိုပဲ အားကိုးနေရင် အမျိုးသမီးကိစ္စကတော့ ပြီးနေပြီ၊ ဘာမှမရှိတော့ဘူး၊ လုပ်စရာက ဇီးရိုးပဲဖြစ်နေတယ်” ဟုဆိုသည်။[34] အမျိုးသမီးများအပေါ် နိုင်ငံရေးအကြမ်းဖက်မှုများနှင့် နလံမထူသည့် စီးပွားရေးအခြေအနေများက စစ်အာဏာသိမ်းမှုအလွန် လူ့အဖွဲ့အစည်းတွင် အကြောက်တရားကိုပဲ ဖြစ်ပေါ်စေပြီး၊ အမျိုးသမီးများ၏ နိုင်ငံရေးတွင် စိတ်ပါဝင်စားမှု၊ ပါတီများတွင် ပါဝင်ဆောင်ရွက်မှုနှင့် နိုင်ငံရေးတွင် ကိုယ်စားပြုမှု လျော့ကျသွားစေမည်ဟု သုံးသပ်ရှုမြင်ကြသည်။

**၅။ ပြန်လည်ကျင်းပမည်ဟူသော ရွေးကောက်ပွဲများအပေါ်တွင် အမျိုးသမီးကိုယ်စားလှယ်များအနေဖြင့် နိုင်ငံရေးအရသာမက၊ နည်းပညာအရပါ ဖြစ်နိုင်၊ မဖြစ်နိုင်ပေါ် သံသယဖြစ်လျက်ရှိနေပြီး ၎င်းတို့အနေဖြင့် ပါဝင်ရန်အတွက် တွန့်ဆုတ်လျက် ရှိသည်။ အသစ်ခန့်အပ်ဖွဲ့စည်းထားသော ရွေးကောက်ပွဲကော်မရှင်မှ အဆိုပြုလာသည့် အချိုးကျကိုယ်စားပြု ရွေးကောက်ပွဲစနစ်အပေါ်တွင် အချို့သော အမျိုးသမီးကိုယ်စားလှယ်များမှာ လုံးဝကြိုက်နှစ်သက်မှု မရှိဘဲ ကန့်ကွက်လျက်ရှိသကဲ့သို့ အချို့သော အမျိုးသမီးကိုယ်စားလှယ်များမှာ နိုင်ငံရေးတွင် အမျိုးသမီးများ ပိုမိုပါဝင်လာနိုင်သည့် အခွင့်အလမ်းတစ်ခုဟု မျှော်လင့် ဆွေးနွေးကြသည်များရှိသည်။**

မဲမသမာမှုများရှိသည်ဟု အကြောင်းပြ၍ စစ်အာဏာသိမ်းအပြီးတွင် (၁) နှစ်အတွင်း ရွေးကောက်ပွဲများပြန်လည် ကျင်းပပေးမည်ဟု ကတိပေးခဲ့ပြီး ဩဂုတ်လ (၁) ရက်နေ့တွင် (၂) နှစ်အတွင်း ကျင်းပမည်ဟု ထပ်မံရွှေ့ဆိုင်းခဲ့သည်။ မေလ (၁၅) ရက်နေ့တွင် အချိုးကျကိုယ်စားပြုရွေးကောက်ပွဲစနစ်သို့ ပြောင်းလဲမည်ဟု အသစ်ခန့်အပ်ထားသော ကော်မရှင်မှ ထုတ်ဖော်ပြောဆိုခဲ့ပြီး နိုင်ငံရေးပါတီများအား အချိုးကျကိုယ်စားပြု ရွေးကောက်ပွဲစနစ် (PR)နှင့် ပတ်သက်၍ ဆွေးနွေးရန် ဖိတ်ခေါ်ခဲ့သည်။ သို့သော် အမျိုးသမီးကိုယ်စားလှယ်များအနေဖြင့် ရွေးကောက်ပွဲစနစ် ပြောင်းလဲမှုနှင့် ရွေးကောက်ပွဲကျင်းပရန် ဖြစ်နိုင်မှုအပေါ် နိုင်ငံရေးအရသာမက နည်းပညာ အရပါ သံသယရှိသည်။

ရွေးကောက်ပွဲစနစ် ပြောင်းလဲရန်မှာ သက်ဆိုင်ရာ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြောင်းလဲရမည်ဖြစ်ပြီး၊ လက်ရှိတွင် လွှတ်တော်ဖျက်သိမ်းထားသည့်အတွက် မည်သို့ဖွဲ့စည်းပုံပြင်ဆင်မည်၊ မည်သည့်အချက်တွေပြင်ဆင်မည်ဆိုသည့် နည်းပညာဆိုင်ရာ မေးခွန်းများရှိကြသည်။ လက်ရှိ ရွေးကောက်ပွဲ ကော်မရှင်သည် စစ်ကောင်စီမှ ခန့်အပ်ထားခြင်းဖြစ်ရာ ၎င်းအဖွဲ့အစည်း၏ လုပ်ပိုင်ခွင့်နှင့် တရားဝင်မှုသည်လည်း အမျိုးသမီးကိုယ်စားလှယ်များအတွက် မေးခွန်းထုတ်စရာ ဖြစ်နေသည်။ အချိုးကျကိုယ်စားပြုမှုစနစ်နှင့် ပတ်သက်၍ပါတီတွင်းတွင် သဘောထားကွဲလွဲမှုများရှိနေသည်။ လူမျိုးစုနှင့် ပြည်နယ်အခြေပြု ပါတီများမှာ အချိုးကျကိုယ်စားပြု ရွေးကောက်ပွဲစနစ်အား ကန့်ကွက်လျက်ရှိပြီး နစကတွင် ကိုယ်စားပြုပါဝင်နေသော ပါတီအချို့မှာလည်း အချိုးကျကိုယ်စားပြုမှုအပေါ် ကြိုက်နှစ်သက်ထောက်ခံမှု မရှိပေ။[35] အချို့မှာ တပ်မတော်သား

34 တွေ့ဆုံမေးမြန်းမှု၊ ၁.၁၀.၂၀၂၁။

35 မွန်ညီညွတ်ရေးပါတီမှာ လူနည်းစုဆန္ဒအားလေးစားသင့်ဟုထုတ်ဖော်ပြောကြားထားပြီး ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်နှင့် ရခိုင်အမျိုးသားပါတီကဲ့သို့ အင်အားကြီးတိုင်းရင်းသားပါတီများမှာ ဆွေးနွေးရန် တက်ရောက်ခြင်းမရှိခဲ့ပေ။ (https://www.bnionline.net/mm/news-86105, https://burma.irrawaddy.com/news/2021/05/21/242096.html)

၂၅ ရာခိုင်နှုန်းပါဝင်မှုနှင့် တပ်မတော်လိုလားသူ ကြားခံပါတီများစုပေါင်းလျှင် အချိုးကျကိုယ်စားပြု ရွေးကောက်ပွဲစနစ်သည် ဗမာဗိုလ်ကျစိုးမိုးခြင်း (Burmanization) သာရရှိပြီး၊ တိုင်းရင်းသားပါတီများအတွက် အကျိုးမရှိနိုင်ဟု ယူဆသည်များလည်းရှိသည်။[36] အမျိုးသမီးကိုယ်စားလှယ်အချို့မှာ အချိုးကျကိုယ်စားပြုစနစ်မှသည် နိုင်ငံရေးတွင် အမျိုးသမီးပါဝင်မှု မြင့်တက်လာစေရန် နည်းလမ်းတစ်ခုဖြစ်မည်လားဟူသည့် မျှော်လင့်ချက်နှင့် ဖော်ထုတ်ဆွေးနွေးရန် ဆန္ဒရှိကြသည်။[37]

ရွေးကောက်ပွဲများ ကျင်းပမည့်အပေါ်တွင် အမျိုးသမီးကိုယ်စားလှယ်အများစုမှာ ယုံကြည်မှုကင်းမဲ့လျက်ရှိပြီး ပါဝင်ရန် တုံ့ဆိုင်းလျှက်ရှိသည်။ လက်နက်ကိုင်ပဋိပက္ခများ နေရာအနှံ့တွင်ဖြစ်ပွားလျှက်ရှိပြီး ထိုအခြေအနေတွင် ရွေးကောက်ပွဲကျင်းပမည်ဆိုခြင်းနှင့် ရွေးကောက်ပွဲ၏ တရားဝင်မှုအပေါ် မေးခွန်းထုတ်လျှက်သည်။ မဲပေးခြင်းနှင့် ရွေးကောက်တင်မြှောက်ခြင်းတွင် ပြည်သူအားလုံး မဖြစ်မနေ ပါဝင်ရမည်ဟု သတ်မှတ် ပြဋ္ဌာန်းထားခြင်း မရှိသည့်အတွက် ပြည်သူလူထုပါဝင်မှု ရှိပါ့မလားဟု သံသယဖြစ်ကြသည်။ အမျိုးသမီးကိုယ်စားလှယ် တစ်ဦးက မတည်ငြိမ်သည့် နိုင်ငံရေးအခြေအနေများတွင် ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ရမည်မှာ အမျိုးသမီးကိုယ်စားလှယ်များအတွက် လုံခြုံမှုမရှိဟုဆိုသည်။ ၎င်းက "ဟိုနေရာ ဗုံးကွဲ၊ ဒီနေရာ ဗုံးကွဲ အဲ့လိုအခြေအနေမျိုးမှာ ရွေးကောက်ပွဲ သွားလုပ်လို့ ဖြစ်မလား၊ ကိုယ်စားလှယ်တွေကကော ရွေးကောက်ပွဲ ဝင်ပါ့မလား" ဟုဆိုသည်။[38] အခြား ကိုယ်စားလှယ်တစ်ဦးက နိုင်ငံရေးဆွေးနွေးပွဲတွင် (တပ်၊ တိုင်းရင်းသားခေါင်းဆောင်များနှင့် ဒေါ်အောင်ဆန်းစုကြည်) သုံးပွင့်ဆိုင်ခေါင်းဆောင်များ အကြေအလည်ဆွေးနွေးပြီး ထွက်ပေါ်လာသည့် ရလဒ်အခြေအနေမျိုးနှင့် ကျင်းပသည့် ရွေးကောက်ပွဲမဟုတ်လျှင် ဒီမိုကရေစီ ဘက်တော်သားများအနေဖြင့် အာဏာသိမ်းအစိုးရ ကျင်းပပေးသည့် ရွေးကောက်ပွဲများတွင် ပါဝင်ဖို့ ခက်ခဲလိမ့်မည်ဟု ဆိုသည်။[39] အချို့မှာ ရွေးကောက်ပွဲနိုင်ငံရေးအား ဆက်လက်ပါဝင်လိုသည့် ဆန္ဒရှိသော်လည်း အမျိုးသမီးကိုယ်စားလှယ် အများစုမှာ စိတ်ပျက်အားကုန်သွားပြီဟုဆိုသည်။

## ၆။ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) အပါအဝင် အမျိုးသမီးအဖွဲ့အစည်းများ၏ စိန်ခေါ်မှုမှာ တော်လှန်ရေး စာမျက်နှာနှင့် ပါတီနိုင်ငံရေးစာမျက်နှာတွင် အမျိုးသမီးများ၏ နိုင်ငံရေး အခန်းကဏ္ဍကို ပေါင်းကူးနိုင်မည့် ဗျူဟာတစ်ခု၊ သို့မဟုတ် တပြိုင်နက်မြှင့်တင်နိုင်မည့် ဗျူဟာ တစ်ခုချမှတ် အကောင်အထည်ဖော်ရန် ဖြစ်ပါလိမ့်မည်။

၂၀၂၁ စစ်အာဏာသိမ်းမှုနှင့်အတူ မြန်မာနိုင်ငံအဝှမ်း စစ်ဘောင်ကျယ်လာသကဲ့သို့ စစ်အုပ်ချုပ်မှု အားကောင်းသည့် ဒေသများတွင် ဖိုဝါဒကြီးစိုးမှုများ အားကောင်းလာသည်။ သတင်းအချက်လက်မှားများ ဖြန့်ဝေ၍ ဘာသာရေး၊ လူမျိုးရေးမှိုင်းတိုက်ခြင်းဖြင့် စစ်အုပ်ချုပ်ရေး ခိုင်မာစေရန် ဆောင်ရွက်သည့်နည်းလမ်းသည် ဖိုဝါဒကြီးစိုးမှု အားကောင်းလာစေသည်။ စစ်အုပ်ချုပ်ရေးအားကောင်းသော ဒေသများတွင် အမျိုးသမီးအရေးနှင့် ပတ်သက်သော အိမ်တွင်းအကြမ်းဖက်မှုများ၊ လိင်ပညာပေး ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များမှာ ပြော၍ မရအောင်ရှိနေသည်ဟု ထိုဒေသများတွင် လှုပ်ရှားဆောင်ရွက်နေသော အမျိုးသမီးကိုယ်စားလှယ် တစ်ဦးကဆိုသည်။[40] အလားတူပင် စစ်အာဏာရှင်ဆန့်ကျင်ရေးလှုပ်ရှားမှုအပေါ် အကြမ်းဖက် ဖြိုခွင်းခြင်းများနှင့် ယိုယွင်းလာသည့် စီးပွားရေး၊ ကျန်းမာရေး၊ လုံခြုံရေးပြဿနာများကြောင့် အိမ်တွင်းအကြမ်းဖက်မှု

36 တွေ့ဆုံမေးမြန်းမှု၊ ၁.၁၀.၂၀၂၁။

37 တွေ့ဆုံမေးမြန်းမှု၊ ၂.၁၁.၂၀၂၁။ သို့သော် ပါတီတွင်းတွင် မည်မျှဆွေးနွေးခွင့်ရသည်၊ အမျိုးသမီးကိုယ်စားလှယ်များ အနေဖြင့် ပါတီကိုယ်စားပြု၍ အစည်းဝေးတက်ခွင့်၊ တင်ပြခွင့်မည်မျှရသည်နှင့် ပတ်သက်၍မူ မရှင်းလင်းပေ။

38 တွေ့ဆုံမေးမြန်းမှု၊ ၂၇.၁၁.၂၀၂၁။

39 တွေ့ဆုံမေးမြန်းမှု၊ ၆.၁၁.၂၀၂၁။

40 တွေ့ဆုံမေးမြန်းမှု၊ ၄.၁၁.၂၀၂၁။

များ၊ လိင်အခြေပြုအကြမ်းဖက်မှုများသည် ယခင်ကဲ့သို့ အာရုံစိုက်မှုမရရှိတော့ပေ။ သို့သော် လူမှုကွန်ယက်စာမျက်နှာများတွင် အိမ်တွင်းအကြမ်းဖက်မှုနှင့်ပတ်သက်သည့် အကူအညီတောင်းခံမှုများ ပိုမိုများပြားလာသည်ဟု အမျိုးသမီး ကိုယ်စားလှယ်တစ်ဦးက ဆိုသည်။[41]

တော်လှန်ရေးမျက်နှာစာတွင် ငြိမ်းချမ်းစွာ ဆန္ဒပြခြင်းမှသည် လက်နက်ကိုင်တော်လှန်ရေးအထိ အလွှာအသီးသီး၊ လူမျိုးအသီးသီး၊ ကျေးလက်နှင့်မြို့ပြမှ အမျိုးသမီးများသည် ရှေ့တန်းမှ ပါဝင်နေကြသည်။ ထိုလှုပ်ရှားမှုများတွင် စစ်အာဏာသိမ်းမှုဆန့်ကျင်သည့် ဒီမိုကရေစီရေးလှုပ်ရှားမှုများသာမက အမျိုးသမီးများအား ခွဲခြားဖိနှိပ်နေသော အတွေးအခေါ်များ၊ အယူအဆများ၊ လိင်အကြမ်းဖက်မှုဆိုင်ရာ ပညာပေးများကိုပါ ဖော်ထုတ်၍ လူမှုပြောင်းလဲရေး လှုပ်ရှားမှု (social movements)နှင့် အမျိုးသမီးအရေးလှုပ်ရှားမှုများ (women movements)ပါ တွဲ၍ တွန်းလှန်လာကြသည်။ ဥပမာ - အမျိုးသမီးဝတ်ထမိန်များသည် နိမ့်ကျသည်၊ အမျိုးသားတို့အား ဘုန်းနိမ့်စေသည်ဟူသော ရိုးရာယုံကြည်မှုများကို တန်ပြန်ရန် ထမိန်အလံလွှင့်၍ သပိတ် ကျင်းပခြင်း၊ အမျိုးသမီးများ၏ အရေးပါသည့် နိုင်ငံရေးလှုပ်ရှားမှု အခန်းကဏ္ဍအား မီးမောင်းထိုးပြရန် "အမျိုးသမီးများမပါသည့်တော်လှန်ရေးသည် မအောင်မြင်နိုင်" စသည့် သတင်းစကားများပေးခြင်း၊ အမျိုးသမီး အခွင့်ရေးများနှင့် အမျိုးသမီးများအပေါ် ကျူးလွန်နေသည့် လိင်အကြမ်းဖက်မှုများကို ပြည်သူလူထုအား အသိပညာပေးရန် "ဝတ်ချင်တာဝတ်မယ်၊ မုဒိန်းလာမကျင့်နဲ့" စသည့် ခေါင်းစဥ်များဖြင့် တော်လှန်ရေးလှုပ်ရှားမှုများ ဆောင်ရွက်လျှက်ရှိသည်။ သို့သော် ထိုလှုပ်ရှားမှုများသည် နိုင်ငံရေးမျက်နှာစာမှ သီးခြား ကင်းလွတ်၍ ဖြစ်ပေါ်လျက်ရှိသည်။ အမျိုးသမီးအဖွဲ့အစည်းများသည် လွတ်လပ်သော အဖွဲ့အစည်းအဖြစ် ရပ်တည်သည်မှာ အားသာချက်များ ရှိသကဲ့သို့ မူဝါဒများ အကောင်အထည်ဖော်ရန် ဖွဲ့စည်းထားသည့် နိုင်ငံရေးအဖွဲ့အစည်းများနှင့် ကွင်းဆက်ပြတ်နေသည်မှာလည်း အားနည်းချက်ဖြစ်နေသည်။

လက်ရှိတွင် အမျိုးသမီးလှုပ်ရှားမှုများမှ ထွက်ပေါ်လာသော နိုင်ငံရေးပါတီဟူ၍ မရှိသေးသကဲ့သို့ မြေပြင်တွင် လှုပ်ရှားပါဝင်နေသော အမျိုးသမီးများ ပေါင်းစပ်ပါဝင်လာသော နိုင်ငံရေးပါတီများဟူ၍လည်း ရှိမနေသေးပါ။ ထိုအခြေအနေသည် ရေရှည်တွင် အမျိုးသမီးလှုပ်ရှားမှုများနှင့် တောင်းဆိုချက်များအား မူဝါဒအဖြစ် ပြောင်းလဲဖော်ဆောင်ရန်နှင့် ကိုယ်စားပြုရန်စသော အမျိုးသမီးများ၏ နိုင်ငံရေးကိုယ်စားပြုမှု အခန်းကဏ္ဍအပေါ် သက်ရောက်မှုရှိနိုင်သည်။ နိုင်ငံရေးမျက်နှာစာတွင် ရွေးကောက်ပွဲနှင့် ပါတီနိုင်ငံရေးသည် စစ်အာဏာသိမ်းမှုနှင့်အတူ အရှိန်သေသွားပြီး၊ ပါတီကိုယ်စားလှယ်အမျိုးသမီးများ၏ အခန်းကဏ္ဍမှာ လျော့ကျလာရာမှ ရပ်တန့်သည် အထိဖြစ်ပေါ်နေသည်။ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) အပါအဝင် အမျိုးသမီးများ၏ နိုင်ငံရေးအခန်းကဏ္ဍအား မြှင့်တင်နေသည့် အဖွဲ့အစည်းများအတွက် စိန်ခေါ်မှုမှာ အရှိန်အဟုန်မြင့်လာသည့် အမျိုးသမီးလှုပ်ရှားမှုများနှင့် ဒီမိုကရေစီလှုပ်ရှားမှု အင်အားများအား ရွေးကောက်ပွဲ/ ပါတီအင်စတီကျူးရှင်းနှင့် ကိုယ်စားပြုနိုင်ငံရေးအဖြစ်သို့ ဆက်လက်အသွင်ကူးပြောင်းသွားစေနိုင်ရန် ပေါင်းကူးမည့် ဗျူဟာနှင့် နည်းလမ်းများ အကောင်ထည်ဖော်ရန်ဖြစ်သည်။ သို့မဟုတ် တော်လှန်ရေးနှင့် နိုင်ငံရေး မျက်နှာစာ နှစ်ရပ်လုံးတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍ ဆက်လက်အားကောင်းစေရန် တပြိုင်နက် မြှင့်တင်မည့် ဗျူဟာနှင့် နည်းလမ်းများ ဖော်ထုတ်အကောင်အထည်ဖော်ရေး ဖြစ်ပါသည်။

41 တွေ့ဆုံမေးမြန်းမှု၊ ၁၆.၁၁.၂၀၂၁။

# နိဂုံး

၂၀၂၁ စစ်အာဏာသိမ်းမှုသည် ရွေးကောက်ပွဲဝင် အမျိုးသမီးကိုယ်စားလှယ်များ အပါအဝင် အလွှာပေါင်းစုံ လူမျိုးပေါင်းစုံ အမျိုးသမီးများ၏ နိုင်ငံရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် လုံခြုံရေးတို့အပေါ်တွင် ပြင်းထန်စွာ ရိုက်ခတ်မှုရှိသည်။ အမျိုးသမီးကိုယ်စားလှယ်များသည် မိမိတို့ ပါတီရပ်တည်ရေးအတွက် ဦးစားပေး၍ ၎င်းတို့၏ ကိုယ်ပိုင်အမြင်၊ အတွေးများကို ချိုးနှိမ်ထားကြသည်။ စစ်အာဏာသိမ်းမှုနှင့်အတူ ပါတီနိုင်ငံရေး လှုပ်ရှားမှုများ ရပ်တန့်သွားပြီး အမျိုးသမီးကဏ္ဍသည် ဦးစားပေးအဆင့် သတ်မှတ်ချက် အောက်ဆုံးသို့ ရောက်ရှိသွားသည်။ ဗျူဟာများချမှတ်၍ ပြင်ဆင်နိုင်ခြင်းမရှိပါက အမျိုးသမီးများ၏ နိုင်ငံရေးလှုပ်ရှားမှုအပေါ် အကြမ်းဖက်ဖြိုခွင်းခြင်းနှင့် စီးပွားရေးလုပ်ငန်းများကျဆင်းခြင်း၊ စားဝတ်နေရေးနှင့် မိသားစုအရေး ရုန်းကန်ရမှုများကြောင့် အမျိုးသမီးများ၏ နိုင်ငံရေးမျက်နှာစာတွင် ပါဝင်မှုသည် လျော့ကျသွားပြီး အများပြည်သူ ပါဝင်ဆွေးနွေးဖလှယ်သည့် အဝန်းအဝိုင်း (public sphere)မှ ပျောက်ကွယ်သွားဖွယ်ရှိသည်။ စစ်အုပ်ချုပ်ရေး ကျယ်ပြန့်လာသည်နှင့်အမျှ ဖိုဝါဒကြီးစိုးမှု အားကောင်းလာသည့်အပေါ်တွင် အမျိုးသမီးအရေးလှုပ်ရှားမှု၊ အစီအစဉ်များကို ယခင်ထက် ပိုမိုအားထည့်ဆောင်ရွက်ရန် လိုအပ်ပါသည်။ တော်လှန်ရေးမျက်နှာစာတွင် တက်ကြွစွာပါဝင် လှုပ်ရှားနေသူ အမျိုးသမီးများအား နိုင်ငံရေးမျက်နှာစာများတွင် ဆက်လက်ပါဝင်နိုင်ရန် ပေါင်းကူးပေးမည့် နည်းဗျူဟာ၊ ပံ့ပိုးမှုများပေးခြင်း (သို့မဟုတ်) တော်လှန်ရေးနှင့် နိုင်ငံရေးမျက်နှာစာနှစ်ရပ်လုံးတွင် အမျိုးသမီးများ၏ ဦးဆောင်ပါဝင်မှု အားကောင်းစေရန် တပြိုင်နက်မြှင့်တင်မည့် နည်းဗျူဟာ၊ ပံ့ပိုးမှုများပေးခြင်းသည် အာဏာသိမ်းမှုအလွန် လူ့အဖွဲ့အစည်းတွင် အမျိုးသမီးများ၏ နိုင်ငံရေးအခန်းကဏ္ဍ ဆက်လက်အားကောင်းစေရန် သော့ချက်ဖြစ်ပါလိမ့်မည်။



Women's League of Burma

JANUARY 2022

WWW.WOMENOFBURMA.ORG